# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 13 July 2023 ၁၁၁၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး** စာမျက်နှာ » ၃

**“မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၀) (မိုခါမုန်တိုင်းကြားမှ နှလုံးလှလူသားများ)** ဆောင်းပါး စာမျက်နှာ » ၆

**ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများ မွေးဖွားရာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်** ဆောင်းပါး စာမျက်နှာ » ၉




ဟုမ္မလင်းမြို့နယ် ကတ်သာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ဟုမ္မလင်းမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်ရှိ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ကတ်သာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါစာသင်ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ဆရာ ဆရာမ ၁၉ ဦးနှင့် ကျောင်းသား ၃၇၄ ဦး၊ ကျောင်းသူ ၃၇၅ ဦးတို့အား သွေးတိုးရောဂါ၊ ချောင်းဆိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို ဟုမ္မလင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


## ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျွန်းလှ ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံစိုက်ပျိုးဖို့ ၁၁၅၁၂ ဧက လျာထားပါတယ်။ ယနေ့အထိ ၅၂၀၁ ဧက (၄၅ ဒသမ ၁၇ ရာခိုင်နှုန်း) စိုက်ပျိုးပြီးဖြစ်ပါတယ်။ တောင်သူတွေ ပဲစင်းငုံစိုက်ပျိုးရာမှာ သီးညှပ်စိုက်ပျိုးကြသလို သီးသန့်လည်း စိုက်ပျိုးကြပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးမှုအနေဖြင့် စပါး ၃၄၀၉၃ ဧက၊ ပဲမျိုးစုံ ၁၆၉၁၂ ဧက၊ ဆီထွက်သီးနှံ ဧက ၇၂၇၀၊ ကြံ ၇၄ ဧက၊ ဝါ ခြောက်ဧက၊ အခြားသီးနှံဧက ၁၆၉၀၀၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ကြေးမုံ

# ရေရှည်တည်တံ့ခိုင်မြဲသည့်နိုင်ငံအဖြစ် တက်ညီလက်ညီတည်ဆောက်

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို စနစ်တကျဆောင်ရွက်နိုင်ခဲ့သဖြင့် အထိအခိုက်အနည်းဆုံးဖြတ်ကျော်နိုင်မှုများမှာ သင်ခန်းစာယူစရာဖြစ်သည်။ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်သောကြောင့် ထိခိုက်သေဆုံးသူ ၁၄၈ ဦးရှိခဲ့သော်လည်း နာဂစ်မုန်တိုင်းဖြစ်ပေါ်ပြီးနောက်ပိုင်းတွင် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ကြောင်းကို သတိပြုရမည်ဖြစ်သည်။

ထို့ကြောင့် အသစ်တည်ဆောက်ရသည့်အဆောက်အအုံများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပြန်လည်တည်ဆောက်ရမည်ဖြစ်သကဲ့သို့ ကျန်ရှိသည့်အဆောက်အအုံများကိုလည်း ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးအတွက် မွမ်းမံခြင်းများကို ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။ သဘာဝဘေးအန္တရာယ်သည် မည်သည့်အချိန်တွင် ဖြစ်ပေါ်နိုင်မည်ကို ကြိုတင်သိရှိနိုင်ရန်ခက်ခဲပြီး မဖြစ်ပွားမီ ရက်သတ္တပတ်အနည်းငယ်အလိုရောက်မှ မည်သို့ဖြစ်လာနိုင်သည်ကို ခန့်မှန်းနိုင်ပါသည်။ ထို့ကြောင့် ဖြစ်ပေါ်လာမှဆောင်ရွက်ကြခြင်းထက် မဖြစ်မီက စနစ်တကျအခြေခိုင်မာစွာ ဆောင်ရွက်ထားရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝဘေးဒဏ်ကို ကြုံတွေ့ရလေ့ရှိသည့် နိုင်ငံများတွင် ပါဝင်ပါသည်။ ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှာကြားထားသည့် အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝပတ်ဝန်းကျင် ပိုမိုကောင်းမွန်ရေးကို စနစ်တကျဆောင်ရွက်ထားကြရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်အပါအဝင် မြစ်ဝကျွန်းပေါ်ဒေသများသည် ကမ်းရိုးတန်းဒေသများဖြစ်သဖြင့် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ ရေကြီးရေလျှံခြင်းများကို မလွဲမသွေကြုံတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးဒဏ်ကို ခံနိုင်ရည်ရှိသည့် လိုအပ်သည့်ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

မိုးသည်းထန်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန် အစီအမံများ ဆောင်ရွက်ထားရမည်ဖြစ်သည် ။ သဘာဝဘေးအကာအကွယ်သည် သစ်ပင်သစ်တောများဖြစ်၍ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ရခိုင်ရိုးမနှင့်ဆက်နွှယ်နေသည့် တောင်တန်းဒေသများ၌သာ သစ်ပင်သစ်တောများတွေ့ရှိရပြီး ကျန်ဒေသများတွင် ကွင်းပြင်အများအပြားဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ကျန်ဒေသများတွင်လည်း အလားတူဖြစ်သည်။

သစ်ပင်များကို စိုက်ပျိုးခြင်းထက် ခုတ်ယူသုံးစွဲသည်က ပိုများသည်ကို တွေ့ရသည်။ ကျေးလက်ဒေသများ၌ ထင်းအဖြစ်သုံးစွဲခြင်းနှင့် အဆောက်အအုံများဆောက်လုပ်ရန်အတွက် ခုတ်ယူကြသည်ကို တွေ့ရသည်။ သဘာဝပေါက်ရောက်လျက်ရှိသော သစ်ပင်သစ်တောများပြုန်းတီးမှုရှိလာသောကြောင့် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းများ ဖြစ်ပေါ်လာသဖြင့် အကျိုးဆက်ကို ပြည်သူများပင်လက်တွေ့ကြုံတွေ့နေရသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့မိုးရာသီတွင် သစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံတစ်ဝန်းဆောင်ရွက်လျက်ရှိသည်။ သစ်ပင်များကို ကျေးရွာအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် စိုက်ပျိုးသွားရန်လိုအပ်သည်။ သစ်ပင်ကို ချစ်ခင်တတ်သည့်စိတ်၊ စိုက်ပျိုးတတ်သည့်အလေ့များ တိုးပွားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် သစ်ပင်သစ်တောများကို ပြန်လည်စိုက်ပျိုးကြရန်လိုအပ်သည်။ သက်ဆိုင်ရာအဖွဲ့အစည်းများက ဒေသခံပြည်သူလူထုနှင့်ပူးပေါင်းလက်တွဲ၍ သစ်ပင်စိုက်ပျိုးခြင်းကို မဖြစ်မနေဆောင်ရွက်ကြခြင်းဖြင့် ဒေသတွင်း၌သစ်ပင်သစ်တောများ ပေါ်များလာမည်ဖြစ်သည်။ နောင်အနာဂတ်ကာလတွင် မိမိတို့ဒေသ၊ မိမိတို့နိုင်ငံတွင် ရာသီဥတုမျှတကောင်းမွန်စေရေး၊ သဘာဝဘေးအန္တရာယ်များကို အထိုက်အလျောက်ကာကွယ်နိုင်ရေးအတွက် ယခုပစ္စုပ္ပန်တွင်ရှိနေကြသည့် ပြည်သူများက သစ်ပင်သစ်တောများစိုက်ပျိုးခြင်းကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝဘေးဒဏ်ခံနိုင်ရေးအတွက် အဆောက်အအုံများသာမက သစ်ပင်သစ်တောများကိုပါ စနစ်တကျခိုင်မာအောင် တည်ဆောက်ထားကြရမည်ဖြစ်သည်။ အခြေခံအဆောက်အအုံများကို ခိုင်မြဲအောင်တည်ဆောက်ထားခြင်းမရှိပါက အန္တရာယ်အမျိုးမျိုးကျရောက်လာသည့်အခါ အလွယ်တကူပြိုလဲသွားနိုင်သည်ကို သင်ခန်းစာများယူကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကဲ့သို့ အန္တရာယ်အမျိုးမျိုး မကြာခဏကြုံတွေ့ရတတ်သည့်နိုင်ငံဖြစ်သည်ကို သမိုင်းကြောင်းတစ်လျှောက်တွင် တွေ့မြင်ခဲ့ကြရပြီးဖြစ်သည်။ မည်သည့်အန္တရာယ်၊ မည်သည့်အနှောင့်အယှက်များ ကြုံတွေ့လာရသည်ဖြစ်စေ အားလုံးတက်ညီလက်ညီဖြင့် အခြေခံအဆောက်အအုံများကို ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ထားကြမည်ဆိုပါက ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးမျိုးဆွေ ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဇူလိုင် ၁၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အဘယာရာမစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မဟာဓမ္မိကာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ခေမာသီဝံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ လင်းလွန်းပင်ပရိယတ္တိ စာသင်တိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဓမ္မဇေယျစာသင်တိုက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ ရတနာမဏ္ဍိုင်ကျောင်းတိုက်နှင့်ရှေ့ဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိရွှေတောင်ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ခွယ်ကဘောင်ပညာ့ဥယျာဉ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သာသနာ့ဟိတကာရီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာဝိဇယရုံသီ စလေကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ မှန်ကင်းပဋ္ဌာနတာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ စစ်ကိုင်းစာသင်တိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ တောင်ကျောင်းကြီးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရေကြည်မြို့နယ်၌ ငါးရိက္ခာဖူလုံရေး ဆွေးနွေး



ရေကြည် ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်း ငါးရိက္ခာဖူလုံစေရေးအတွက် အင်းလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများက ဒေသအတွင်းရရှိသောကုန်ကြမ်းများဖြင့် ငါးအစာပြုလုပ်ပြီး ငါးထုတ်လုပ်မှုတိုးတက်စေရေး ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက စိမ်းလဲ့ရေကြည်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရေကြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းချစ်အေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်က လုပ်ငန်းစီမံချက်နှင့် တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြမှုကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၁၀၀ | ၇၄၆ | ၆,၀၃၄,၄၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၆၈၀ | ၁,၉၃၈,၀၀၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၃,၀၃၃ | ၄,၆၀၀,၁၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၃၅၀ | ၂,၄၅၀ | ၁,၀၀၅ | ၂,၃၆၂,၂၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂၇၇ | ၁,၃၂၉,၆၀၀ |
| MAEX | ၁,၇၅၀ | ၁,၈၀၀ | ၁၇,၀၇၇ | ၂၉,၉၃၈,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ

အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၂

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)မှ အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်နှင့် ဗဟိုဦးစီးကော်မတီဝင် စဝ်စိုင်းဟန်တို့ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ပထမနေ့၌ မပြီးသတ်သေးသည့်ကိစ္စရပ်များအား ဆက်လက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြု လက်မှတ်ရေးထိုးပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ကမ္ဘာရေးရာ၊ မြန်မာရေးရာ၊ တိုင်းရင်းသားရေးရာ စာအုပ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၂

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန် ပေးထားပြီးဖြစ်သည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရာရှိရပ်ကွက်၊ လေပွေ့လမ်းသစ်ရှိ ရွှေနံ့သာ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသာရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဆရာတော်ကြီးနှင့် အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ခရေပင်လမ်းခွဲရှိ ဇယျာသုခသီလရှင်ကျောင်းသို့ သွားရောက်ပြီး သာသနာ့နွယ်ဝင် သီလရှင်ဆရာလေးများအား ဝတ္ထုငွေ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းသည်။



အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကုလားတန်(၄)ရေယာဉ်ဖြင့် သယ်ဆောင်ရောက်ရှိလာသည့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် စားသောက်ဖွယ်ရာများအား မီးရထားဆိပ်ရပ်ကွက်ရှိ စားသုံးသူရေးရာ ဂိုဒေါင်အတွင်းသို့ စနစ်တကျသယ်ဆောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများလက်ဝယ်သို့ ဖြန့်ဝေပေးနိုင်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် ခွဲစိတ်ခွဲခန်းရှိ CP Auto Testi Lipit Profile Test Liver Function Test CPR B/C/HIV Test ခွဲစိတ်ခွဲစက်ပစ္စည်းများဖြင့် ခွဲစိတ်ခွဲဆောင်ရွက်ပေးနေမှုများကို လေ့လာကြည့်ရှုပြီး ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ဦးဥတ္တမခန်းမရှေ့၌ MEC မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်တို့က စက်ရုံထုတ်ပစ္စည်းများဖြစ်သည့် ဆောက်လုပ်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ပြည်သူများသို့ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေမှုနှင့် ပြည်သူလူထုက အားပေးဝယ်ယူနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ မြောက်ဦးမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ထမ္မရာဇ်ရပ်ကွက်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။ ယင်းနောက် ကျေးရွာအုပ်စု ၂၂ အုပ်စုတို့အတွက် မျိုးစပါး ၂၄၀၂ တင်းနှင့် မျိုးစေ့ ၁၉ မျိုးပါ မျိုးစေ့ထုပ် ၂၀၀၆ ထုပ်တို့ကို ရွာဟောင်းတောကျေးရွာအုပ်စု၊ ချောင်းသစ်ကျေးရွာအုပ်စုနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ထောက်ပံ့ပေးအပ်သည်။

အလားတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့မမုန်ကျောင်းတိုက်သို့ သွားရောက်၍ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဦးဆောင်မှုဖြင့် ပြုလုပ်သည့် သဘာဝဘေးဒဏ်ကြောင့် ဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော်၊ သံဃာတော်များ ဆွမ်းကိစ္စအဆင်ပြေစေရေး ဆွမ်းဆန်တော် လှူဒါန်းပွဲသို့ တက်ရောက်ကာ ဘုန်းတော်ကြီးကျောင်း ၁၉ ကျောင်းမှ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪ ရှေ့ဖုံးမှ

အလားတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၉) နန္ဒဝန်ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ အေးမြချမ်းသာသီလရှင် ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင် သီလရှင် ၂၁၁ ပါးနှင့် ဒေသခံပြည်သူ ၆၂ ဦးတို့အား ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါစမ်းသပ်စစ်ဆေးခြင်း၊ တီဗီဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေခြင်း၊ ဆီးချို/ သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါစာသင်တိုက်ရှိ သာသနာ့နွယ်ဝင်သီလရှင် ဆရာလေးများအတွက် ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်လတ်မြို့၌ တီလားပီးယားငါးများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ကျိုက်လတ် ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒေသတွင်းမှ ငါးမွေးကန်လုပ်ငန်းရှင်များ ပူးပေါင်း၍ ပြည်သူများ ငါးရိက္ခာဖူလုံစေရေးနှင့် သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေးအတွက် တီလားပီးယားငါး ပိဿာချိန် ၅၀ ကို ယနေ့ နံနက် ၇ နာရီခန့်က ကျိုက်လတ်မြို့မဈေးအနီး ပန်းခြံရှေ့၌ ရောင်းချပေးသည်။



ထိုသို့ ရောင်းချပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ဆန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ငါးမွေးကန်လုပ်ငန်းရှင်များက အိမ်ထောင်စု တစ်စုအတွက် တီလားပီးယားငါး ၅၀ ကျပ်သားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး စုစုပေါင်း ငါးပိဿာချိန် ၅၀ ကို ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

၂၀၇

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၁၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရက်ကတ်ထရင်ဘတ် (Yekaterinburg) မြို့၌ ကျင်းပသည့် INNOPROM International Industrial Exhibition သို့ တက်ရောက်၍ ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ထုတ်ကုန်များ၊ စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဒဲနစ်မန်ဒူးရော့ဖ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ လက်ရှိ ဆောင်ရွက်နေသည့် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အထူးသဖြင့် သံမဏိထုတ်လုပ်ရေး၊ ဆေးဝါးဆိုင်ရာ ပူးပေါင်းထုတ်လုပ်ရေး၊ ချည်မျှင်နှင့်အထည်ထုတ်လုပ်ရေး၊ ဘိလပ်မြေထုတ်လုပ်ရေး၊ ဆေးဘက်ဆိုင်ရာ အထောက်အကူပြု ပစ္စည်းကိရိယာများ ထုတ်လုပ်ရေး၊ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အခွင့်အလမ်းများ ရှာဖွေနေမှုနှင့် ရုရှား-မြန်မာ နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် အလားအလာရှိသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Alexey V. Gruzdev၊ အာရှ၊ အာဖရိက၊ လက်တင် အမေရိကဌာန၊ ညွှန်ကြားရေးမှူး Nosov Sergey Sergeevich၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ပစ္စည်းနှင့် အကြီးစား အင်ဂျင်နီယာဌာန ညွှန်ကြားရေးမှူးPiven Valery Vyacheslavovich၊ဒုတိယဝန်ကြီးချုပ်၏ လက်ထောက် Alexey A. Mednikov၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးသံမှူး Kazadaev Vladimir Sergeevich နှင့် မြန်မာကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ကုမ္ပဏီ (၁၀) ခုကို နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ် ပေးခွင့်လိုင်စင် ရုပ်သိမ်းကြောင်း ထုတ်ပြန်ကြေညာ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်
သတင်းထုတ်ပြန်ချက်
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသည့် အောက်ဖော်ပြပါ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရကုမ္ပဏီ (၁၀) ခုသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာမှုမရှိသဖြင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer License) အား အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ရုပ်သိမ်းကြောင်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်-

(၁) Kannan Trading Co.,Ltd
(၂) Net Change Co.,Ltd
(၃) Thiri Aung Si Trading Co., Ltd
(၄) Riverwood Group Co., Ltd
(၅) Global Myanmar Services Co., Ltd
(၆) D-Gold Trading Co., Ltd
(၇) Aurum Image Co., Ltd
(၈) Hi Welcome Travel & Tours Co., Ltd
(၉) Sweeties Pearls Co., Ltd
(၁၀) Chase Travels & Tours Co., Ltd

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



မုံရွာ ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ဟုမ္မလင်းမြို့နယ် ကောယားကျေးရွာအုပ်စု တုံလုံကျေးရွာရှိ ဒေသခံစိုက်ပျိုးရေးတောင်သူများအား မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးတို့က မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများနှင့် ပိုးသတ်ဆေးများထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကောယားကျေးရွာအုပ်စု တုံလုံကျေးရွာရှိ ဒေသခံစိုက်ပျိုးရေးတောင်သူများအား မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများနှင့် ပိုးသတ်ဆေးများအား ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးစပါး ပန်းတိုင်အထွက် ရရှိရေးအတွက် စံပြကွက် ၁၀ ဧကအတွင်း သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျရောစပ်ကာ စုပေါင်းကြဲပက်မှုနှင့် ထွန်ယက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ဟုမ္မလင်းမြို့နယ် တုံလုံကျေးရွာ ဒေသခံတောင်သူ ၅၀ ထံ ယူရီးယား ဓာတ်မြေဩဇာ ငါးအိတ်၊ ကွန်ပေါင်းဓာတ်မြေဩဇာ နှစ်အိတ်၊ ရွက်ဖျန်းမြေဩဇာ ငါးထုပ်၊ ဆေးဖျန်းပုံး နှစ်ပုံး၊ ကြွက်သတ်ဆေး ငါးဘူး၊ ဟင်းသီးဟင်းရွက်မျိုးစေ့အထုပ် ၂၀၀ အား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးညီညီဇော်က ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ထွန်းလင်းက ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) ချဉ်းကပ်လမ်းများ ဖောက်လုပ်နေမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်နေမှုလုပ်ငန်းများနှင့် ချဉ်းကပ်လမ်းဖောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)သည် ဟုမ္မလင်းမြို့နယ် ဟုမ္မလင်း-လေရှီး-ပန်ဆပ်-ဆွမ္မရာ လမ်းပေါ်တွင် ချင်းတွင်းမြစ်အားဖြတ်၍ သံမဏိသံပေါင်ခုံးတံတား အမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၄၀(HFL) ရေလမ်းကင်းလွတ် အကျယ် ၃၃၈ ပေဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ လူငယ့်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံ သမဝါယမအသင်းလီမိတက်သို့ သွားရောက်ပြီး အသင်းအမှုဆောင်များ၊ အသင်းသား တောင်သူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် လူငယ့်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းလီမိတက်အသင်း အမှုဆောင်များက မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်း စံပြစိုက်ပျိုးရေးနှင့် မွေးမြူရေးသမဝါယမအသင်းဖြစ်အောင် ကြိုးစားဆောင်ရွက်ရန်၊ မိုးစပါးရာသီတွင် ပန်းတိုင် အထွက်နှုန်းရရှိအောင် ရည်မှန်းဆောင်ရွက်ရန်၊ လက်ရှိစိုက်ဧကများထဲမှ အနည်းဆုံး ဧက ၅၀ ကို အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ရန်နှင့် ဆီထွက်သီးနှံ စိုက်ပျိုးရေးကိုလည်း လျာထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အသင်းမှ ဆောင်ရွက်နေသည့် GW-11 အထွက် တိုးစပါးမျိုးများ ပျိုးထောင်ထားမှု၊ အသင်းပိုင်ဒေသနွားမျိုးကောင်ရေ ၄၀ မွေးမြူထားမှု၊ နွားစာအတွက် နေပီယာမြက်သုံးဧက စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပဲခူးမြို့ရှိ ရှင်စောပုခန်းမ၌ သမဝါယမအသင်းအမှုဆောင်များ၊ မြို့မိမြို့ဖများ၊ တောင်သူလယ်သမားများ၊ အသင်းသားတောင်သူများနှင့် တွေ့ဆုံပြီး အထွက်တိုးမျိုးများကို ပြောင်းလဲစိုက်ပျိုးရန်၊ သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများ ဖြန့်ဝေပေးရန်နှင့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ရောနှောအသုံးပြုရန် ဆွေးနွေးမှာကြားကာ အသင်းသားတောင်သူများနှင့် တောင်သူလယ်သမားများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက် တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# “မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၀) (မိုခါမုန်တိုင်းကြားမှ နှလုံးလှလူသားများ)

မြင့်စိုး(နတလ)

**ရှင်သန်ပြေးလွှားနေသော ချိုင်းထောက်လေးတစ်စုံ**

၂၀၂၃ ခုနှစ် ဇွန်လ ၃ ရက်။

ကြို့တဲကျေးရွာ၏ ဘုန်းတော်ကြီးကျောင်းအောက်ထပ်တွင် အထူးကုဆရာဝန်ကြီးများအဖွဲ့က ဒေသခံတိုင်းရင်းသားများကို ဆေးဝါးကုသ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည်။ မျက်စိအထူးကုအဖွဲ့၊ သွားနှင့်ခံတွင်း၊ သားဖွားမီးယပ်၊ အထွေထွေရောဂါ စသည်ဖြင့်သူ့နေရာနှင့်သူရှိနေကြပြီး လူနာများကလည်း လာလိုက်ကြသည်မှာ ကျောင်းဝင်းတစ်ခုလုံးပြည့်လျှံလျက်။ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများက ကြို့တဲကျေးရွာသို့သွားရောက်ကာ အထူးကုဆရာဝန်ကြီးများအဖွဲ့၏ ဆေးကုသမှုကို အားပေးကြည့်ရှုခဲ့ကြသည်။ မျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့နှင့် မလှမ်းမကမ်းတွင် အသက် (၄၀) ခန့် အမျိုးသမီးတစ်ဦး ချိုင်းထောက်နှစ်ဖက်ကို အားပြု၍ရပ်နေသည်။ သူ၏လုံချည်အနားစကို ကြမ်းနှင့်ထိလုနီးပါး ခပ်ရှည်ရှည်ဝတ်ထားသည်။ ခြေထောက်မှာဒဏ်ရာတစ်ခုခုရထားလို့ ချိုင်းထောက်နဲ့ အားပြုသွားနေရတာများလား။ သူလည်း အထူးကုဆရာဝန်ကြီးတွေဆီမှာ ရောဂါတစ်ခုခုပြစရာရှိလို့ လာတာဖြစ်မှာပါလေ။ ထိုနေ့က သူနှင့်ပတ်သက်ပြီး ကရုဏာသက်မှုနှင့် စိတ်ဝင်စားမှုကဤမျှလောက်သာ။ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့လည်း ကြည့်စရာရှိတာကြည့်၊ အထူးကုဆရာဝန်ကြီးများကိုနှုတ်ဆက်၊ ရွာသူရွာသားများကိုအားပေးပြီးသကာလ စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ဇွန်လ ၁၀ ရက်နေ့၌ နောက်တစ်ကြိမ်ထပ်မံသွားရောက် အားပေးကြည့်ရှုခဲ့ကြသည့်နေရာကတော့ သင်ပုန်းတန်းကျေးရွာဖြစ်သည်။ ဟောဟိုမှာတွေ့လိုက်ရပြန်ပါပြီ။ ချိုင်းထောက်နှစ်ဖက်ကိုအားပြုရပ်နေသောအမျိုးသမီး။ သူ ဘာရောဂါများပြချင်လို့ ထပ်ရောက်လာတာပါလိမ့်။ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကုသပေးနေသည့်အဆောင်လေးထဲသို့ လှမ်းကြည့်ရင်း အပြင်မှာရပ်နေသည်။ ထိုနေ့က ဆေးကုသဆောင်လေးမှာ အတန်ငယ်ကျဉ်းနေသဖြင့် လူနာများနှင့်မဆံ့၊ ကျွန်တော်တို့အဖွဲ့ အထဲသို့လိုက်မဝင်တော့ဘဲ အပြင်မှာရပ်စောင့်နေလိုက်သည်။ ကျွန်တော်တို့အဖွဲ့ဆိုသည်ကတော့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာတင်ထွဋ်၊ ဦးထွန်းအုံ၊ ဗိုလ်ချုပ်ဇင်မင်းထက်နှင့် ကျွန်တော်။ ထိုအခိုက် အဆောင်လေးထဲမှ ပြန်ထွက်လာသော ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက အနားသို့ရောက်လာပြီး ချိုင်းထောက်နှင့်အမျိုးသမီးကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ကျွန်တော်တို့အဖွဲ့နှင့်ပါ မိတ်ဆက်ပေးသည်။

“သူက စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး
ဒေါက်တာကြည်ကြည်သာပါ၊
ကြည်ကြည်သာရေ.......
ဒီအဘတွေကတော့............၊
ရော်.....သူက မြို့နယ်ဆရာဝန်ကြီးပဲကိုး၊ ဒါကြောင့် ကြို့တဲရွာကို လာတာဖြစ်မှာ၊ ဘယ်သူဘယ်ဝါတွေမှန်း သိပြီးတဲ့နောက်မှာတော့ ချိုင်းထောက်ကိစ္စမေးကြည့်ရန် အားမနာတော့ပြီ။

“သမီးခြေထောက်က ဘာဖြစ်ထားလို့ ချိုင်းထောက်နဲ့သွားနေရတာလဲ”

“ဘယ်ဘက်ခြေထောက် ဖြတ်ထားလို့ပါအဘ”

“ဟမ်.....”

ကျွန်တော် အာမေဋိတ်သံက ဗျာလို့တောင် မထွက်နိုင်တော့ဘဲ “ဟမ်” ဟု ဖြစ်သွားရပါတော့သည်။ မေးလိုက်မိတာကိုက အလွန့်အလွန်အားနာစရာကောင်းလှပါဘိ။

“Sorry ..... သမီးရယ်၊ မသိလို့မေးမိတာနော်”

“ရပါတယ်အဘ”

စကားပြောရင်းဆိုရင်း သူ့အကြောင်းများသိလာရသည်။ ကြည်ကြည်သာ၊ စစ်တွေဇာတိ၊ ရခိုင်တိုင်းရင်းသူဖြစ်သည်။ ၈ တန်းကျောင်းသူဘဝ ၁၉၉၃ ခုနှစ်တွင် အရိုးကင်ဆာရောဂါရပြီး ဘယ်ဘက်ခြေထောက်ကို ဒူးဆစ်အထက်ကဖြတ်၍ စွန့်လိုက်ရသူ၊ ခြေထောက်တစ်ဖက်မှာ ခြေတုနှင့်ပညာကြိုးစားသင်ယူရင်း စစ်တွေ အ.ထ.က(၂)ကနေ ၁၀ တန်းအောင်ခဲ့သူ၊ လေးဘာသာဂုဏ်ထူးထွက်ပြီး ရန်ကုန်ဆေးတက္ကသိုလ် (၂) သို့ တက်ရောက်ခွင့်ရခဲ့သူ။ ၂၀၀၆-၂၀၀၇ မှာ ဒေါက်တာကြည်ကြည်သာအဖြစ်နှင့် စစ်တွေမြို့က ခုတင် ၂၀၀ ဆံ့ (ယနေ့အချိန်တွင် ခုတင် ၅၀၀ ဆံ့ ဖြစ်နေပါပြီ) ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်မှာ စစ်တွေမြို့ ဒေသန္တရကျန်းမာရေးဌာန၌ လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှစ၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ ဆေးတက္ကသိုလ်တက်ရောက်စဉ်ကတည်းက ခြေတုတပ်၍ ကားမောင်းခဲ့သလို ယခုလည်း ကားဖြင့်မြို့နယ်အတွင်းက ရွာတွေကိုသွားနေဆဲ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေဆဲဖြစ်သည်။ ဘဝကို အရှုံးမပေးရင်ဆိုင်ခဲ့ရင်း ဆရာဝန်ဖြစ်အောင် ကြိုးစားခဲ့သူ၊ ကိုယ်ကချိုင်းထောက်နှင့်ဖြစ်နေစေကာမူ အထူးကုဆရာဝန်ကြီးများ ကုသမှုအဆင်ပြေစေရေး မိမိမြို့နယ်အတွင်းမှာ လိုက်ပါကူညီဆောင်ရွက်သူ၊ ဒေသခံတိုင်းရင်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူဖြစ်သည်။ သူ့အကြောင်းကိုလျှပ်တစ်ပြက်စေ့ငုပြီးသကာလ၊ သမီးဘာဆုတွေရထားပြီးပြီလဲ မေးလိုက်ချိန်မှာတော့ ၂၀၁၉ ခုနှစ်၌ မိခင်ကျန်းမာရေးဝန်ကြီးဌာနက ချီးမြှင့်ပေးအပ်သော “ကျန်းမာရေးလုပ်ငန်းများ စွမ်းဆောင်ရည်ထူးချွန်ဆု” ရခဲ့ဖူးကြောင်း သိရသည်။ အသက် (၁၃) နှစ်မှ ယနေ့အချိန်အထိ နှစ်ပေါင်း ၃၀ တိုင်အောင် ခြေတစ်ဖက်တည်းဖြင့် ရုန်းကန်နေထိုင်ခဲ့ရသော ဒေါက်တာကြည်ကြည်သာ၊ သည်ထက်မက ထိုက်တန်သော ဆုတံဆိပ်များ ချီးမြှင့်ခြင်းခံရပါစေ၊ ရပါစေဟု ကျွန်တော်ဆန္ဒပြုမိပါသည်။

**သူတို့သည်လည်း နှလုံးလှကြသည်**

သူတို့ဆိုသည်မှာ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များဖြစ်ကြသည်။ သူတို့အထဲက တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ၏ တာဝန်များကို ထမ်းဆောင်နေသူများဖြစ်ကြသည်။ ယင်းကော်မတီအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်ရရှိချိန်တွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဘေးအန္တရာယ်ကျရောက်နိုင်သောနေရာများမှ ပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သတိပေးချက်များထုတ်ပြန်ခြင်း၊ အရေးပေါ်အသုံးပြုရမည့် အသက်ကယ်ပစ္စည်းများအကြောင်း ရှင်းလင်းပြသခြင်း၊ Shelter များတွင် ခိုလှုံနေသူများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ မေလ ၁၄ ရက်နေ့ နံနက်ပိုင်း မိုခါမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးနောက် ထိခိုက်ပျက်စီးမှု များပြားခဲ့သော မြို့နယ်များဖြစ်သည့် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ မင်းပြား၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အပျက်အစီးများရှင်းလင်းခြင်း၊ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သောလမ်းမကြီးများအား ရှင်းလင်းခြင်းတို့ကို အမြန်ဆောင်ရွက်ခဲ့ကြပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)တွင် အသင့်စုဖွဲ့ထားသော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၄၁၈ ဦးကို မေလ ၁၇ ရက်နေ့မှစတင်၍ တပ်မတော်လေယာဉ်များဖြင့် စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့သည်။ အလားတူ မေလ ၁၈ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၆ ဦးကို ပေါက်တောမြို့နယ်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၆ ဦးကို ရသေ့တောင်မြို့နယ်သို့လည်းကောင်း စေလွှတ်၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်စေခဲ့ပါသည်။

ယင်းသို့စုဖွဲ့စေလွှတ်ရာတွင် လိုအပ်သော Chain Saw၊ Engine Cutter၊ Hydraulic Cutter များ ဖြည့်တင်းပေးခြင်း၊ မီးသတ်သမားတစ်ဦးချင်းစီတွင် ရှိနေရမည့် ၁၄ ပေကြိုး၊ လက်အိတ်၊ မျက်မှန်၊ လက်နှိပ်မီး၊ Life Jacket၊ Carabiner ကွင်းမှအစ အနည်းဆုံးပစ္စည်း ၂၃ မျိုး ကိုင်တွယ်အသုံးပြုဆောင်ရွက်နိုင်အောင် စီစဉ်ပေးခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် တပ်ဖွဲ့ဝင်များအတွက် အင်အားဖြည့် အစားအသောက်များ၊ ဆေးဝါးများ၊ ဝတ်စုံများကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ညီတော်မောင် ကိုအောင်ကျော်မိုး**

ကျွန်တော် စစ်တွေမြို့သို့ မေလ ၁၉ ရက်နေ့တွင် စတင်ရောက်ရှိ တာဝန်ထမ်းဆောင်ခဲ့သည်။ ကိုအောင်ကျော်မိုးက ကျွန်တော့်ထက် ၁ ရက်စော၍ရောက်နေခြင်းဖြစ်၏။ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ချင်းပြည်နယ်တွင် တပ်မတော် အရာရှိကြီးလေးဦး၊ ရခိုင်ပြည်နယ်တွင် ၁၄ ဦးတို့အား

စာမျက်နှာ ၇ သို့ *



စစ်တွေမြို့၏ ကျက်သရေဆောင် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးဝင်းထဲ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်ပေးနေစဉ်။

**○ မိုခါမုန်တိုင်းကြားမှ နှလုံးသားလှသူများကို ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှာ တွေ့မြင်နိုင်ပါသည်။ ပြည်နယ်မြို့တော် စစ်တွေမြို့ကြီးမှာ နေပူမရှောင် မိုးရွာမရှောင် ကူညီဆောင်ရွက်ရင်း လုပ်အားဒါနပြုနေကြသည့်အင်အားက အများဆုံးဖြစ်သည်**

**○ သူတို့အားလုံးသည် နှလုံးလှလူသားများဖြစ်ကြသည်။ သူတို့နှလုံးသားက ပေါက်ဖွားလာသော မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားများ၊ မွန်မြတ်သောစိတ်စေတနာများ၊ စာနာထောက်ထားမှုများက မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက်၊ ဒေသခံပြည်သူများအတွက် အလွန်ကြီးမားသည့်ခွန်အားဖြစ်စေ**

✳ စာမျက်နှာ ၆ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် မေလ ၁၈ ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် ၃၄/၂၀၂၃ ဖြင့် ထုတ်ပြန်၍ တာဝန်ပေးအပ်ခဲ့သည်။ ဗိုလ်မှူးချုပ်အောင်ကျော်မိုးက စစ်တွေမြို့နယ်တွင် တာဝန်ကျသည်။ သူနှင့် ကျွန်တော်သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် ၁၉၉၀ ပြည့်နှစ်လောက်က စတင်ရေစက်ဆုံခဲ့ခြင်းဖြစ်၏။ ကျွန်တော် ရမခတန့်ယန်းစစ်ဗျူဟာမှာ တာဝန်ထမ်းဆောင်နေခိုက် သူက မိုင်းရယ်ခလရ ၆၇ တပ်ရင်းသို့ ကျောင်းဆင်းအရာရှိအဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။ တန့်ယန်းနှင့် မိုင်းရယ်သည် အိမ်ဦးနှင့်ကြမ်းပြင် ဖြစ်နေပါသည်။ တန့်ယန်းကိုကျော်၍ သံလွင်အရှေ့ခြမ်းလွယ်ပန်လုံဒေသသို့ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ကြရတာလည်း ရှိသည်။ တန့်ယန်းမှ လားရှိုးသို့သွားလျှင်လည်း ဟိုယက ခရီးတစ်ဝက်ဖြစ်သလို မိုင်းရယ်ကလည်း တစ်ခေါ်လောက်မှာရှိနေသဖြင့် မကြာခဏ ဆုံဖြစ်၊ တွေ့ဖြစ်ကြသည်။ ကျွန်တော့်ဗျူဟာမှူး ဗိုလ်မှူးကြီးစောဘိုးသာ၏ တပ်စစ်ခရီးစဉ်နှင့်လည်း မိုင်းရယ်သို့ မကြာမကြာရောက်ဖြစ်၏။ မိုင်းရယ် လေယာဉ်ကွင်းဟောင်းသည် တောပစ်ဝါသနာပါသည့် ကျွန်တော့်ဗျူဟာမှူးကြီးအတွက် ညဘက်ဂျစ်ကားမောင်း၍ ယုန်ထွက်ပစ်သောနေရာလည်း ဖြစ်ခဲ့ချေသည်တမုံ့။

**ပြန်လည်ထူထောင်ရေးအတွက် လုပ်အားဒါနများပေးလှူ**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စစ်တွေမြို့သို့ရောက်ရှိလာသူများမှာ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများ၊ ရဲအကြပ်သင်တန်းကျောင်း၊ ရဲအရာရှိ အတတ်သင်ကျောင်းတို့မှ စုစုပေါင်း တပ်ဖွဲ့ဝင်အင်အား ၂၁၈၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့တပ်ခွဲမှ ၁၀၄ ဦး၊ ပဲခူးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့တပ်ခွဲမှ ၁၁၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့တပ်ခွဲမှ ၁၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့နှင့် ရုံးအဖွဲ့မှ ၂၃ ဦး၊ နေပြည်တော်မီးသတ်တပ်ဖွဲ့မှ ၃၃ ဦး၊ မွန်ပြည်နယ်မီးသတ်တပ်ဖွဲ့တပ်ခွဲမှ ၃၅ ဦး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ၃၅ ဦး၊ စုစုပေါင်း မီးသတ်တပ်ဖွဲ့ဝင် ၄၆၀၊ ပရဟိတအဖွဲ့မှ ၅၀၊ စုစုပေါင်း ၂၆၉၈ ဦး ဖြစ်သည်။ အထက်ပါအင်အားများကို စစ်တွေမြို့တွင်း ရှင်းလင်းရေးနှင့် စစ်တွေ – ကျောက်တော်လမ်းမကြီး ရှင်းလင်းရေးဟူ၍ နှစ်ပိုင်းခွဲကာ ဆောင်ရွက်ခဲ့သည်။ ယင်းအဖွဲ့များကို ဗိုလ်မှူးချုပ်အောင်ကျော်မိုးနှင့် ရဲမှူးချုပ်ဝင်းဗိုလ်တို့က အနီးကပ်ကြီးကြပ်ကွပ်ကဲခဲ့ကြသည်။

**ဌာနဆိုင်ရာ ယာဉ်/ ယန္တရားများ ပါဝင်အားဖြည့်**

မိုခါမုန်တိုင်းကြားမှ နှလုံးသားလှသူများကို ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှာ တွေ့မြင်နိုင်ပါသည်။ ပြည်နယ်မြို့တော် စစ်တွေမြို့ကြီးမှာ နေပူမရှောင် မိုးရွာမရှောင် ကူညီဆောင်ရွက်ရင်း လုပ်အားဒါနပြုနေကြသည့် အင်အားက အများဆုံးဖြစ်သည်။ အထက်တင်ပြပါ စုစုပေါင်း အင်အား ၂၆၉၈ ဦးအပြင် တပ်မတော်မှ ၁၀ ဘီးယာဉ် တစ်စီး၊ Dump Truck ၁၇ စီး၊ မောင်းနှင်ပေးသည့် တပ်မတော်သား ၁၇ ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ယာဉ်/ ယန္တရား ၂၁ စီးနှင့် ဝန်ထမ်း



စစ်တွေကမ်းခြေ၌ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

အင်အား ၃၀၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ယာဉ်/ ယန္တရား ၁၅ စီးနှင့် ဝန်ထမ်းအင်အား ၁၀၇ ဦး၊ သစ်တောဦးစီးဌာနမှ ယန္တရားလေးစီး၊ စက်မှုလယ်ယာဦးစီးဌာနမှ ယာဉ်တစ်စီး၊ နတလဦးစီးဌာနမှ ယန္တရားတစ်စီး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ယန္တရားတစ်စီးတို့လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ Chain Saw များ အသုံးပြုရာတွင်လည်း မီးသတ်တပ်ဖွဲ့မှ ၁၆၃ လက်၊ သစ်တောဦးစီးဌာနမှ ၂၄ လက်၊ နတလဦးစီးဌာနမှ ၁၅ လက် ပါဝင်အသုံးပြုခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့က မြက်ဖြတ်စက် ၂၄ စီးဖြင့် ပူးပေါင်းဆောင်ရွက်နေပါသည်။

**ဦးစားပေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်**

ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့တွင်းလမ်းမကြီးများ၊ စာသင်ကျောင်းများနှင့် ဆေးရုံအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများနှင့် ယဉ်ကျေးမှုအဆောက်အအုံများ၊ ရုံးဌာနများ၊ လူနေရပ်ကွက်များကို ဦးစားပေးအစီအစဉ်အလိုက် ရှင်းလင်းဆောင်ရွက်ခဲ့သည်။ အခြေခံပညာကျောင်းများထဲမှ အ.ထ.က ၉ ကျောင်း၊ အ.လ.ကနှင့် မူလတန်းကျောင်းများအပြင် စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် စစ်တွေနည်းပညာအထက်တန်းကျောင်းဝင်းများထဲမှာ စနစ်တကျ ရှင်းလင်းဆောင်ရွက်ပေးပြီး ဇွန်လ ၁ ရက်နေ့ ကျောင်းအားလုံးဖွင့်နိုင်အောင် ကူညီနိုင်ခဲ့ကြသည်။

မိုခါမုန်တိုင်းဒဏ်ခံခဲ့ရ၍ ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများစွာရှိခဲ့သည်။ အဆိုပါတပ်ဖွဲ့ဝင်အင်အားများဖြင့်လောကနန္ဒာဘုရားကြီးဝင်းနှင့် သာသနာ့ဗိမာန်တော်ကြီး၊ ဗုဒ္ဓပြတိုက်၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ လက်ဝဲသလုံးတော်ဘုရားနှင့်ကျောင်း၊ ဦးရဲကျော်သူ ဘုရားနှင့်ကျောင်း၊ ပတ္တမြားကျောင်း၊ ရန်ပြေမာန်ပြေဘုရားဝင်း၊ ယဉ်ကျေးမှုပြတိုက်တို့ကို ကုသိုလ်ယူ ရှင်းလင်းဆောင်ရွက်ပေးကြသည်။ ၎င်းပြင် မင်းဘာကြီးလမ်းပေါ်ရှိ ဟိန္ဒူဘုရားကျောင်း၊ မေယုလမ်းပေါ်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ မေယုလမ်းပေါ်ရှိ Jame Mosque ဗလီ၊ ယဉ်ကျေးမှုပြတိုက်အနီးရှိ Jame Masjid ဗလီတို့ကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ အများသူငါ အပန်းဖြေနားနေနိုင်ရေးအတွက် ဦးဥတ္တမ ပန်းခြံနှင့်ခန်းမ၊ နန္ဒဝန်ဥယျာဉ်တို့ကိုလည်း လူအင်အားနှင့် စက်ယာဉ်ယန္တရားများစွာအသုံးပြု၍ ရှင်းလင်းဖယ်ရှားဆောင်ရွက်ပေးခဲ့ကြသည်။ စစ်တွေမြို့၏ အဓိကလမ်းမကြီးများအပြင် ကျောင်းကြီးလမ်း၊ အောင်ဇံဝေလမ်း၊ အောင်ထွန်းဦးလမ်း၊ စက်ရုံလမ်း၊ ရွာကြီးလမ်း၊ ရွှေမင်းဂံမြို့ပတ်လမ်း၊ ပြည်တော်သာလမ်း၊ စစ်တွေတက္ကသိုလ်လမ်း၊ သက္ကေပြင်လမ်းများပါမကျန် အချိန်တိုအတွင်း သန့်ရှင်းသာယာလှပစေခဲ့သည်။

**လူမှုရေးအသင်းအဖွဲ့များ ပါဝင်လက်တွဲ**

မုန်တိုင်း တိုက်ခတ်ပြီးချိန်မှာပင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ၌ လူမှုရေးအသင်းအဖွဲ့များ ပါဝင်လက်တွဲ ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ ကူညီထောက်ပံ့ရေး လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ၎င်းတို့ကိုယ်တိုင် လိုလားနှစ်ခြိုက်စွာ ပါဝင်အားဖြည့် ကူညီခဲ့ကြသည်။ ယင်းအဖွဲ့များမှာ ရွှေရောင်မေတ္တာ ပရဟိတအသင်း၊ စိမ်းပြာပရဟိတအသင်း၊ Green Network အဖွဲ့၊ ARG အဖွဲ့၊ မေတ္တာရောင်ခြည် ပရဟိတအဖွဲ့များ ဖြစ်ကြသည်။ ပုံမှန်လုပ်ငန်းများအပြင် အပတ်စဉ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင်လည်း သူတို့ပါဝင်ကြသည်။ စစ်တွေမြို့၏ ကျက်သရေဆောင် အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီးဝင်းထဲမှာ၊ စစ်တွေကမ်းခြေမှာ ပျော်ရွှင်စွာ စုပေါင်းဆောင်ရွက်ခဲ့ကြသည်ကို အမှတ်ရမိ၏။ ရွှေသံလွင် ဦးကျော်ဝင်းတို့အဖွဲ့ကလည်း နေ့စဉ်လူ ၁၀၀၀၀ စာအတွက် ကျွေးမွေးခြင်း အလှူဒါနအစီအစဉ်ကို တစ်လတိတိ တာဝန်ယူဆောင်ရွက်သွားသဖြင့် ဝမ်းမြောက်စွာ သာဓုခေါ်ခဲ့ရပါသေးသည်။

**အလှူဒါနဖြင့် နှလုံးလှကြသူများ**

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများသို့ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ ဝင်ရောက်တိုက်ခတ်ပြီးနောက်တစ်နေ့ဖြစ်သော မေလ ၁၅ ရက်နေ့ နံနက်ပိုင်းမှာပင် ထိုဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းဆောင်၌ ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့ပါသည်။ **“နိုင်ငံအတွက် လိုအပ်သည့်အချိန်တွင် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လှူဒါန်းမှုများကို မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ တိုင်းပြည်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း မိမိတို့တိုင်းပြည်အတွက် ဆောင်ရွက်ချိန်တွင် အရေးကြီးမှ သွေးစည်းသည်မဟုတ်ဘဲ အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ တိုင်းပြည်မှ လိုအပ်လာချိန်တွင် ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့တိုင်းပြည်သွားချင်သည့် လမ်းကြောင်းပေါ်တွင် သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း”** နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့သည်။ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် အလှူရှင်များက ထိုနေ့လှူဒါန်းငွေမှာ ကျပ်သိန်းပေါင်း ၁၃၁၈၁၀ သိန်းဖြစ်သည်။ ထပ်မံ၍လည်း နေရာစုံဒေသစုံမှာ မိုခါအတွက် လှူဒါန်းမှုများပြုနေကြသည်။ အာဆီယံနိုင်ငံများမှ လှူဒါန်းမှုများရှိသကဲ့သို့ ASEAN+3 အရေးပေါ် အရန်ဆန်ရိက္ခာ APTERR Tier Programme 3 အစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံမှ ဆန်ရိက္ခာ ၅၅၄ တန်၊ ဂျပန်နိုင်ငံမှ အသင့်စားဆန်ထုပ် ၂၀၀၀၀ လှူဒါန်းမှုများကိုလည်း တွေ့ရသဖြင့် လှူဒါန်းမှုအစုစုတို့အတွက် သာဓုခေါ်ဝမ်းမြောက်ရပါသည်။

**အနုပညာရှင်များ၏ ရင်တွင်းစေတနာ**

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရန်ပုံငွေပဒေသာကပွဲကြီးကို ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာလောကသားများစုပေါင်း၍ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံကြီးတွင် ဇွန်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ဖျော်ဖြေတင်ဆက်ခဲ့သည်။ လာရောက်ကြည့်ရှုအားပေးကြသည့် ပြည်သူများထံမှ လှူဒါန်းငွေများ လက်ခံရရှိခဲ့သည့်အပြင် အနုပညာလောကသားများ၏ ဖြူစင်သောမေတ္တာ၊ သန့်ရှင်းသောစေတနာကို ပြသခွင့်ရခဲ့ကြသည်။ ၎င်းအပြင် မုန်တိုင်းသင့်ပြည်သူများအတွက်လည်း ကြီးမားသည့် စိတ်ဓာတ်ခွန်အားကို ရရှိစေခဲ့သည်။

ထိုနည်းတူစွာ ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသများအတွက် သဘာဝဘေး ပြန်လည်ထူထောင်ရေး ရန်ပုံငွေဘောလုံးပြိုင်ပွဲကို ဇွန်လ ၁၆ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ ရုပ်ရှင်အသင်း (Movie FC)၊ ဂီတအသင်း (Music FC)၊ ညွှန့်ပေါင်းအသင်း (Old Star FC)၊ Forever FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အနုပညာရှင်များကလည်း ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး (ဗဟို)၊ ဟာသပညာရှင်များအစည်းအရုံး၊ Old Star ဘောလုံးအသင်းမှ တာဝန်ရှိသူများ၊ အနုပညာရှင်များသည် ဇွန်လ ၂၈ ရက်နေ့တွင် စစ်တွေမြို့သို့ ရောက်ရှိကြပြီး စစ်တွေဟိုတယ်၌ အလှူငွေပေးအပ်ပွဲ ပြုလုပ်ခဲ့ကြသည်။ ယင်းအခမ်းအနားတွင် ပဒေသာကပွဲကြီးမှ ရရှိသော အလှူငွေကျပ် ၁၃၂၂ သိန်းနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဘောလုံးပြိုင်ပွဲမှ ရရှိသော အလှူငွေကျပ် သိန်း ၇၅၀ နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ဖျော်ဖြေမှုများက ခွန်အားဖြစ်စေသည်**

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စိတ်ရွှင်လန်းချမ်းမြေ့စေရန်၊ ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆိုအကများဖြင့် လှည့်လည် ဖျော်ဖြေပေးခဲ့ကြသည်။ ထိုနည်းတူစွာပင် ရုပ်ရှင်နှင့်ဂီတ အနုပညာရှင်အဖွဲ့များအနေဖြင့်လည်း စစ်တွေမြို့သို့ ရောက်ရှိလာကြပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြသည့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား နေရာအလိုက်ခွဲ၍ လှည့်လည်သီဆိုဖျော်ဖြေခဲ့ကြရာ ပျော်ရွှင်ချမ်းမြေ့စွာ ကြည့်ရှုအားပေးခဲ့ကြသည်။ အနုပညာရှင်များ၏ ဖျော်ဖြေမှုများက လုပ်အားဒါနပြုနေကြသူများအတွက် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေသကဲ့သို့ ဒေသခံ ပြည်သူများအတွက်လည်း စိတ်ဓာတ်ခွန်အားများ တိုးပွားစေခဲ့ပါသည်။ ကျေးဇူးတင်ပါသည် အနုပညာရှင်တို့ရေ.......။

**မိုခါမုန်တိုင်းကြားမှ နှလုံးလှလူသားများ**

ကျွန်တော် ရည်ညွှန်းလိုက်သော အဆိုပါ ခေါင်းစဉ်အောက်မှာ အဖွဲ့အစည်းပေါင်းများစွာ၊ လူပုဂ္ဂိုလ်ပေါင်းများစွာ ပါဝင်နေပါသည်။ ကျွန်တော် ထုတ်နုတ်တင်ပြထားသည့် အထက်ပါ အလှူရှင်များ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများအပြင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘာသာရေးအဖွဲ့အစည်းများပါမကျန် မုန်တိုင်းသင့်ပြည်သူများအပေါ် စာနာနားလည်မှု၊ အားပေးမှု၊ လှူဒါန်းမှုပြုနေကြသူအားလုံး ပါဝင်နေပါသည်။ သူတို့အားလုံးသည် နှလုံးလှလူသားများဖြစ်ကြသည်။ သူတို့နှလုံးသားက ပေါက်ဖွားလာသော မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားများ၊ မွန်မြတ်သော စိတ်စေတနာများ၊ စာနာထောက်ထားမှုများက မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက်၊ ဒေသခံပြည်သူများအတွက် အလွန်ကြီးမားသည့်ခွန်အား ဖြစ်စေပါကြောင်း ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ပြည်ပနိုင်ငံများ၌ တာဝန်ထမ်းဆောင်နေသော စီးပွားရေးသံမှူးများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ပြည်ပနိုင်ငံ ၁၂ နိုင်ငံရှိ မြန်မာသံရုံး/မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၌ တာဝန်ထမ်းဆောင်နေသော စီးပွားရေးသံမှူး ၁၆ ဦးနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံမှူးတို့ကို ယနေ့မွန်းလွဲပိုင်းတွင် Virtual စနစ်ဖြင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးသံမှူးများအနေဖြင့် မြန်မာ့ပို့ကုန်များ ဈေးကွက်ပိုမိုရရှိရေးအတွက် သက်ဆိုင်ရာနိုင်ငံများမှ အစိုးရဌာနအဖွဲ့အစည်းများ၊ သွင်းကုန်လုပ်ငန်းရှင်များနှင့် ထိတွေ့မှုပိုမိုရယူကာ ဈေးကွက်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ရေး၊ သက်ဆိုင်ရာနိုင်ငံများ၏ ကုန်စည်ပြပွဲများတွင် မြန်မာ့ပို့ကုန်များ ပါဝင်ပြသနိုင်ရေးနှင့် ချိတ်ဆက်မှုပိုမိုရရှိစေရေး၊ မိမိနိုင်ငံအတွက် အကျိုးရှိစေမည့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ပြန့်စွာရယူ အသုံးချနိုင်ရေး၊ ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ အကူအညီတောင်းခံမှုများကို Virtual စနစ်ဖြင့် တွေ့ဆုံညှိနှိုင်းကာ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးရေး၊ သက်ဆိုင်ရာနိုင်ငံများသို့ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စများကို ထိရောက်စွာဆောင်ရွက်နိုင်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် စီးပွားရေးသံမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် စီးပွားရေးသံမှူးများက နိုင်ငံအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လိုအပ်ချက်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပုသိမ်ခရိုင်၌ ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSMEs)ထုတ်ကုန်ပြပွဲ ဖွင့်လှစ်

ပုသိမ် ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ဒေသတွင်းအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) ထုတ်ကုန်ပြပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) ထုတ်ကုန်ပြပွဲမှခ်ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ခန်းမအတွင်း ပြသထားသည့် စက်မှုလယ်ယာပြခန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပြခန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနပြခန်း၊ ခရိုင်သစ်တောဦးစီးဌာနပြခန်း၊ ခရိုင်မီးသတ်ဦးစီးဌာနနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနပြခန်း၊ ခရိုင်ပညာရေးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနပြခန်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်း၊ Nurture Group ပြခန်း၊ ငပုတောမြို့နယ် ဒေသထွက်ကုန်များ ပြခန်း၊ သာပေါင်းမြို့နယ် ဒေသထွက်ကုန်များပြခန်း၊ ကန်ကြီးထောင့်မြို့နယ် ဒေသထွက်ကုန်များ အရောင်းပြခန်းနှင့် ပုသိမ်မြို့နယ် ဒေသထွက်ကုန်များ အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါပြပွဲအား အများပြည်သူများလေ့လာနိုင်ရန် ယနေ့မှစ၍ ဇူလိုင် ၁၅ ရက်အထိ ပြခန်းပေါင်း ၁၅ ခန်းဖြင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဖျာပုံမြို့နယ်၌ သား၊ ငါးနှင့် စားသောက်ကုန်များ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေး

ဖျာပုံ ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဖျူးမြို့မဈေးအနီး၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ပြည်သူများအား အသား၊ ငါးနှင့် စားသောက်ကုန်များကို ချိုသာသောဈေးနှုန်းဖြင့် နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် ငါး၊ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ကြက်ဥနှင့် ဆန်များကို ကိုယ်တိုင်စိုက်ပျိုး/မွေးမြူထုတ်လုပ်သူများက ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်သည်။

အဆိုပါ ရောင်းချပေးနေမှုကို ဖျူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)



# ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ ဗစ်တာလေ ဆိုလိုနတ်စကီဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နည်းပညာ၊ ဆိုက်ဘာလုံခြုံရေးနှင့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုဆိုင်ရာ နည်းပညာကဏ္ဍများတွင် ရုရှားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

■

# ဒဂုံတက္ကသိုလ်၌ ပညာရပ်ဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်တွင် နိုင်ငံခြားပညာသင်ဆုများနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

ဦးစွာ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်စန်းစန်းမွေးက မဟာဘွဲ့သင်တန်းတက်ရောက်နေသော ကျောင်းသား ကျောင်းသူများနှင့် နည်းပြ၊ သရုပ်ပြဆရာ ဆရာမများအနေဖြင့် နိုင်ငံခြားပညာသင်ဆုများ လျှောက်ထားနိုင်ရေးအတွက် သိရှိလိုက်နာရမည့်အချက်များကို ပဏာမရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်ရုံး နိုင်ငံတကာဆက်ဆံရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာပြည့်စုံဝင်းက နိုင်ငံခြားပညာသင်ဆုများအကြောင်း၊ နိုင်ငံခြားပညာသင်ဆုပေးအပ်သည့်နိုင်ငံများ၊ အဖွဲ့အစည်းများအကြောင်းနှင့် နိုင်ငံခြားပညာသင်ဆုများအတွက် ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ လေ့လာရမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပေးခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက သိရှိလိုသည်များ မေးမြန်းခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများမွေးဖွားရာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

ကမ္ဘာ့နိုင်ငံအသီးသီး၌ ၎င်းတို့၏သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများကို နိုင်ငံအသီးသီးသို့ တင်ပို့ရာတွင် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလိုင်းတို့ဖြင့် တင်ပို့ကြပါသည်။ ထိုသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှတင်ပို့ခြင်းသည် စရိတ်အသက်သာဆုံးနှင့် တစ်ကြိမ်တင်ပို့လျှင် ကုန်ပမာဏ အများဆုံးတင်ပို့နိုင်ခြင်းကြောင့် ကုန်သွယ်ရေကြောင်းတင်ပို့မှုကို နိုင်ငံတိုင်း အလေးထားဆောင်ရွက်နေကြပါသည်။ လက်ရှိ ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ ၈၀ ရာခိုင်နှုန်းခန့်ကို ပင်လယ်ရေကြောင်းမှ တင်ပို့နေကြပါသည်။ နောင်တွင် ထိုပမာဏထက် တိုးတက်များပြားလာမည်ဖြစ်ပါသည်။

ဒေါက်တာသန့်စင် ( ရူပဗေဒ )

မြန်မာနိုင်ငံတွင် ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ် စသည့်မြစ်ကြီးများအပြင် အခြားမြစ်လက်တက်များကို အသုံးပြု၍ မြန်မာနိုင်ငံထွက်ကုန်များကို သင်္ဘောများ၊ ကုန်တင်လှေကြီးများ၊ လှေငယ်များ စသည်တို့ကို အသုံးပြု၍ ကုန်သွယ်ရေကြောင်းဖြင့် တင်ပို့သွားလာမှုသည် အခြားကုန်းလမ်း၊ လေကြောင်းလမ်းတို့ထက် တွင်ကျယ်စွာအသုံးပြုနေကြပါသည်။ ထို့ကြောင့် ရေကြောင်းကုန်သွယ်မှုကို နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတို့အတွက် များစွာအလေးထားဆောင်ရွက်နေကြပါသည်။




## ရေကြောင်းဆိုင်ရာ ကျွမ်းကျင်သူများကို နှစ်စဉ်မွေးထုတ်

ထိုသို့ ရေကြောင်းကုန်သွယ်ရေးကို ဆောင်ရွက်ရာတွင် ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများကို နိုင်ငံတော်ကမွေးထုတ်ပေးရန် လိုအပ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တို့သည် ရေကြောင်းဆိုင်ရာ ကျွမ်းကျင်သူများကို နှစ်စဉ်မွေးထုတ်လေ့ကျင့်ပေးကာ ထိုတက္ကသိုလ်၊ ကောလိပ်များမှ ထွက်ပေါ်လာသော ကျောင်းဆင်းများသည် နိုင်ငံတကာရေကြောင်းလိုင်းများတွင် အရာရှိကြီးများ၊ အရာရှိငယ်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်ကို ၁၉၆၃ ခုနှစ်ကပင် စတင်သန္ဓေတည်ကာ ရေကြောင်းဘက်ဆိုင်ရာအတတ်ပညာများကို သင်ကြားပေးခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း(၆၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် သင်တန်းကာလနှစ်နှစ်တက်ရောက်ပြီး ရေကြောင်းအရာရှိလောင်း၊ ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း၊ ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်းတို့ကို ရေကြောင်းပညာဆိုင်ရာ ဒီပလိုမာဘွဲ့ အပ်နှင်းပေးနေပါသည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၅ ရက်နေ့က ကျင်းပသော ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၄) ကျောင်းဆင်းပွဲတွင် ရေကြောင်းအရာရှိလောင်း ၂၇ ဦး၊ ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း ၅၀၊ ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်းခြောက်ဦး စုစုပေါင်း ၈၃ ဦးကို ဒီပလိုမာဘွဲ့ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၏ အဓိကမျှော်မှန်းချက်သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကုန်သွယ်ရေကြောင်းအခန်းကဏ္ဍ မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ ရေယာဉ်ဝန်ထမ်းကောင်းများ လေ့ကျင့်သင်ကြားပေးရန်နှင့် ကမ္ဘာ့အဆင့်ရှိ ရေကြောင်းပညာလေ့ကျင့်ရေးအဖွဲ့ဖြစ်စေရန်ဖြစ်ပါသည်။ ထို့အပြင် ပင်လယ်ရေကြောင်းအမှုထမ်းများအား နိုင်ငံပိုင်နှင့် နိုင်ငံခြားကုမ္ပဏီပိုင်ရေယာဉ်များတွင် အမှုထမ်းနိုင်သည့် နိုင်ငံတကာအသိအမှတ်ပြု ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများဖြစ်လာစေရန် လေ့ကျင့်ပေးခြင်းတို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးပေါ်တွင်တည်ရှိပြီး မြေဧက အကျယ်အဝန်း ၁၀ ဒသမ ၄၅ ပေါ်တွင် တည်ဆောက်ဖွင့်လှစ်ထားပါသည်။ ကျောင်းသားအရာရှိလောင်းများအတွက် ၁၅၀ ဆံ့ အိပ်ဆောင် နှစ်ဆောင်နှင့် ကျောင်းသားများအတွက် လေးထပ်စာသင်ဆောင်၊ နှစ်ထပ် စာသင်ဆောင်၊ စာသင်ခန်းမ စသည့် အဆောင်များတွင် ကျောင်းသားဦးရေ ၂၂၀၀ ခန့်ကို တစ်ပြိုင်နက် သင်ယူနိုင်ရန် ဆောက်လုပ်ထားပါသည်။ သင်ကြားရေးဌာနများဖြစ်သော ရေကြောင်းပညာဌာန၊ ရေကြောင်းအင်ဂျင်နီယာဌာန၊ အလုပ်ရုံနည်းပညာဌာန၊ အင်္ဂလိပ်စာဌာန၊ ရူပဗေဒဌာန၊ ဓာတုဗေဒဌာန၊ ကွန်ပျူတာသိပ္ပံဌာန၊ သင်္ချာဌာနနှင့် မြန်မာစာဌာနတို့အပြင် စီမံဌာနများတွင် သင်ကြားရေးနှင့် လေ့ကျင့်ရေးဌာန၊ စီမံရေးနှင့် အုပ်ချုပ်ရေးဌာန အစရှိသည်တို့ပါရှိကာ တက္ကသိုလ်ကောလိပ်ဖွဲ့စည်းပုံအပြည့်ဖြင့် ဖွဲ့စည်းထားပါသည်။

## နိုင်ငံတကာသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ ကျောင်းဆင်းအရာရှိလောင်းများတွင် ရေယာဉ်မှူးကြီး (Captain ) အဆင့် ၁၇၀၊ ကုန်းပတ်အရာရှိချုပ် (Chief Officer ) အဆင့် ၃၁၀၊ ဒုတိယကုန်းပတ်အရာရှိ (Second Officer) အဆင့် ၆၉၅ ဦး၊ တတိယကုန်းပတ်အရာရှိ (Third Officer) အဆင့် ၁၈၁ ဦးနှင့် အင်ဂျင်နီယာမှူးကြီး (Chief Engineer) အဆင့် ၁၉၄ ဦး၊ ဒုတိယအင်ဂျင်နီယာ (Second Engineer ) အဆင့် ၃၀၅ ဦး၊ တတိယအင်ဂျင်နီယာ (Third Engineer) အဆင့် ၁၈၈၂ ဦးတို့သည် ယခုအခါ နိုင်ငံတကာသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြပါသည်။ ထိုသင်္ဘောအရာရှိများသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို ရှာဖွေပေးကာ အခွန်ထမ်းဆောင်နေကြသူများဖြစ်ပါသည်။ သူတို့၏မိသားစုဘဝကို မြှင့်တင်ပေးနိုင်ကြသူများဖြစ်ပါသည်။ ထို့ကြောင့်ပင် ကုန်သွယ်ရေကြောင်းကောလိပ်မှ မွေးထုတ်ပေးလိုက်သော လူ့စွမ်းအားအရင်းအမြစ်များသည် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ကြောင်း သက်သေပြလျက်ရှိပါသည်။ ယနေ့အချိန်အထိ ဤကောလိပ်ကျောင်းတော်ကြီးမှ ရေကြောင်းအရာရှိလောင်း ၂၈၂၈ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၂၇၂၆ ဦး စုစုပေါင်း အရာရှိလောင်း ၅၅၈၄ ဦးကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

သင်တန်းကာလတွင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်(IMO)၏ ရေကြောင်းပညာရေးနှင့် လေ့ကျင့်ရေးစံချိန်စံညွှန်းနှင့်အညီ သင်ကြားပို့ချပေးပါသည်။ စာတွေ့လက်တွေ့အပြင် ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ခေတ်မီ simulator များဖြင့် လေ့ကျင့်သင်ကြားပေးနေပါသည်။ ကောလိပ်စာကြည့်တိုက်တွင် ရေကြောင်းပညာရပ်ဆိုင်ရာ စာအုပ်များ၊ အခြားဘာသာရပ်ဆိုင်ရာစာအုပ်များ၊ သုတ ရသ စာအုပ်များအပြင် ဒစ်ဂျစ်တယ်စာကြည့်ခန်းမကိုပါ မြန်နှုန်းမြင့်အင်တာနက်အသုံးပြုနိုင်ရန် စီစဉ်ထားရှိပါသည်။ ကျောင်းသားအရာရှိလောင်းများအတွက် စာကြည့်တိုက်အသုံးပြုနိုင်ရန် အချိန်သီးသန့်ပေးထားပါသည်။ ကျောင်းသားများအတွက် နေထိုင်ရန် အဆောင်များသည် သန့်ရှင်းသပ်ရပ်ပြီး စားသောက်ရေးအတွက် တစ်နေ့လျှင် မနက်စာ၊ နေ့လယ်စာ၊ ညနေစာတို့ကို တစ်ဦးလျှင် တစ်နေ့ငွေကျပ် ၄၅၀၀ နှုန်းဖြင့် ကျွေးမွေးပါသည်။ ထို့ပြင် ကိုယ်ကာယလှုပ်ရှား အားကစားလေ့ကျင့်ခန်းပြုလုပ်ရန် အားကစားကွင်း၊ အားကစားလေ့ကျင့်ရန် ပစ္စည်းများလည်း ပြည့်စုံစွာ ထားရှိပါသည်။ ကျောင်းဆင်းရေကြောင်းအရာရှိလောင်းများသည်

စာမျက်နှာ ၁၀ သို့ ✣



ကျောင်းသားများအား ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးစဉ်။

“ သင်္ဘောအရာရှိများသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို ရှာဖွေပေးကာ အခွန်ထမ်းဆောင်နေကြသူများဖြစ်ပါသည်။ သူတို့၏မိသားစုဘဝကို မြှင့်တင်ပေးနိုင်ကြသူများဖြစ်ပါသည်။ ထို့ကြောင့်ပင် ကုန်သွယ်ရေကြောင်းကောလိပ်မှ မွေးထုတ်ပေးလိုက်သော လူ့စွမ်းအားအရင်းအမြစ်များသည် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ကြောင်း သက်သေပြလျက်ရှိပါသည်။ ယနေ့အချိန်အထိ ဤကောလိပ်ကျောင်းတော်ကြီးမှ ရေကြောင်းအရာရှိလောင်း ၂၈၂၈ ဦးနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း ၂၇၂၆ ဦး စုစုပေါင်း အရာရှိလောင်း ၅၅၈၄ ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ် ”

✣ စာမျက်နှာ ၉ မှ
ပင်လယ်ပြင်လုပ်သက်ရယူရေးအတွက် နိုင်ငံတကာ သင်္ဘောလိုင်းများတွင် လက်တွေ့လုပ်ငန်းခွင် ၁၂ လ တာဝန်ထမ်းဆောင်ရပါသည်။ ထိုသို့ အလုပ်သင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ပြီးပါက သက်ဆိုင်ရာသင်္ဘောလိုင်းများတွင် အရာရှိငယ်အဖြစ် စတင်တာဝန်ထမ်းဆောင်နိုင်ပါသည်။

ယခုအခါ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ဝင်ခွင့် အမှတ်စဉ်(၁၇)ကို ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက် ခေါ်ယူလျက်ရှိပါသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းရမှတ် အနည်းဆုံး ၄၀၀ ရရှိရမည်ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် (၁၉) နှစ်ထက် မကျော်လွန်စေရဟု ဖော်ပြထားပါသည်။ ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းအတွက် ၁၃၀၊ ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း သင်တန်းအတွက် ၁၃၀၊ ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်းအတွက် ၄၀ စုစုပေါင်း ကျောင်းသားဦးရေ ၃၀၀ ကို လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာကို ၃-၇-၂၀၂၃ ရက်နေ့မှ ၁-၉-၂၀၂၃ ရက်နေ့အထိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် လက်ခံပြီး သင်တန်းဝင်ခွင့်ကို လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ နိုင်ငံပိုင်ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိပါသည်။

ယခုအခါ ပင်လယ်ကူးသင်္ဘောသားအရာရှိ အလုပ်သည် ဝင်ငွေကောင်းသော အလုပ်တစ်ခုဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတကာသင်္ဘောကုမ္ပဏီများသည် လုပ်ငန်းကျွမ်းကျင်ပြီး စည်းကမ်းလိုက်နာကာ အရည်အသွေး အာမခံမှုရှိသည့်၊ စွမ်းရည်ရှိသည့် သင်္ဘောအရာရှိလောင်းများကိုသာ ရွေးချယ်ခန့်အပ် တာဝန်ပေးအပ်ကြပါသည်။ ထို့ကြောင့် ရေကြောင်းဘက်ဆိုင်ရာ အရည်အချင်းကျွမ်းကျင်ပြည့်ဝသူများ မွေးထုတ်ပေးနေသည့် **"မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်"** သည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာနေရာများတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

■

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA –011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA– 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်–

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၁၂

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မိုးနဲမြို့နယ် ကမ္ဘောဇခန်းမ၌ အခမ်းအနားမှူး(ဆင့်ပွား)သင်တန်းဖွင့်

မိုးနဲ ဇူလိုင် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ဥယျာဉ်ရပ်ကွက် ဌာနစုပေါင်းရုံးဝင်းအတွင်းရှိ ကမ္ဘောဇခန်းမနေရာ၌ ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အခမ်းအနားမှူး(ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သွယ်သွယ်ဇင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက အခမ်းအနားမှူးများ ပြောကြားရသော နမူနာပုံစံများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းမေသောင်းခင်က



အခမ်းအနားမှူးတစ်ဦး၏ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းပြောကြားကြကြောင်း သိရသည်။

ဝိုးတောင်း

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုး စာရင်း




## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေး ကြေညာချက်




## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေပန်းစည်းပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက် အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## မြစ်သားမြို့နယ်၌ ပန်းလောင်မြစ်အတွင်း ငါးမျိုးများစိုက်ထည့်

မြစ်သား ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအုပ်စု ရေအေးဆိပ်ကျေးရွာအနီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် ဝန်ထမ်းများ၊ ကူမဲမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခိုင်ခိုင်ဝင်းနှင့်ခရိုင်ဝန်ထမ်းများက ကူမဲငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော ရွှေဝါငါးကြင်းကောင်ရေနှစ်သိန်းနှင့် ထိုင်းငါးခုံးမကြီး ငါးသားပေါက်ကောင်ရေတစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေသုံးသိန်းတို့အား ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျောင်းကုန်းမြို့ ဘုရင့်နောင်လမ်းအား ကွန်ကရစ်ခင်း

ကျောင်းကုန်း ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လုပ်ငန်းတင်ဒါစနစ်ဖြင့်ဆောင်ရွက်သည့် ငွေလုံးငွေရင်းလုပ်ငန်းမှ အမှတ်(၂)ရပ်ကွက် ဘုရင့်နောင်လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၂)ဦးတင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်စွာလင်းတို့က သွားရောက်ကြည့်ရှုခဲ့ကြပြီး လမ်းအရှည်ပေ ၄၇၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မအား လာဒ်မိုးသဲကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



## သနပ်ပင်မြို့နယ်၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပ

သနပ်ပင် ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့်(၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် အာဇာနည်နေ့အကြောင်း စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာကျောင်းများ၌ ကျင်းပသည်။

ရှေးဦးစွာ အထက(သနပ်ပင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာအောင်က ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သနပ်ပင်မြို့နယ်အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက အာဇာနည်နေ့နှင့်ပတ်သက်သည့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးများအား ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အဆိုပါ ပြိုင်ပွဲများ ကျင်းပနေမှုကို မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာရှိ ထမင်းစားဆောင်နှင့် အလုပ်ရုံအဆောက်အအုံ ပန္နက်တင်မင်္ဂလာ ကျင်းပ

တောင်ကြီး ဇူလိုင် ၁၂

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာ ထမင်းစားဆောင်နှင့် အလုပ်ရုံအဆောက်အအုံ ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၂) ရပ်ကွက် ခပေါင်းရေကြည်ရပ်၌ ကျင်းပသည်။



အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာ နှစ်ထပ်အဆောက်အအုံကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေအထောက်အပံ့ဖြင့် ဆောက်လုပ်ခဲ့ပြီး ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ အဆောက်အအုံတွင် အစည်းအဝေးခန်းများ၊ စာသင်ခန်းများနှင့် အိပ်ဆောင် အခန်း ၂၀ ပါဝင်ပြီး သင်တန်းသား ၄၀ အထိ တည်းခိုနေထိုင်နိုင်ပါကြောင်း၊ သင်တန်းသားများ ပိုမိုလက်ခံသင်ကြားနိုင်ရေးအတွက် နှစ်ထပ်မှလေးထပ်အဆောက်အအုံသို့ တိုးမြှင့်တည်ဆောက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်ခဲ့သည့်အတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေကျပ် ၇၈၅ ဒသမ ၇၃၅ သန်းနှင့် တင်ဒါအောင်မြင်သည့် မိုးယံဝင့်ချီ ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေနှင့် ကျန်ငွေကျပ် ၉၀ ဒသမ ၂၃၈ သန်းနှင့် စင်တာအဆောက်အအုံအတွက် ဖြည့်စွက်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ထောက်ပံ့ရန်ပုံငွေကျပ် ၅၃၉ ဒသမ ၅၁၅ သန်းနှင့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၏ ဖြည့်စွက်လုပ်ငန်းများဖြစ်ကြသည့် ကားပါကင်၊ ကွန်ကရစ်လမ်း၊ အုတ်ရေမြောင်း၊ အုတ်ပလက်ဖောင်း၊ အုတ်တံတိုင်းကာရံခြင်း၊ အဝီစိတွင်းတူးဖော်ခြင်း၊ အလုပ်ရုံအဆောက်အအုံနှင့် ထမင်းစားဆောင် ဆောက်လုပ်ခြင်းစသည့် လုပ်ငန်းများကို ဆောက်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အမေရိကန်ဒေါ်လာ ၃၇၇၃၀၀ ကို ရရှိခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းအပြင် စင်တာတွင် ပြုလုပ်မည့် ဆွေးနွေးပွဲနှင့် သင်တန်းသုံးပစ္စည်းများကိုလည်း ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း၊ စင်တာလုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အပြီးသတ်စေရန် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်နေ့တွင် စင်တာဖွင့်ပွဲနှင့်အတူ သက်မွေးသင်တန်းများကိုလည်း စတင်ဖွင့်လှစ်နိုင်ရန် စီစဉ်ထားရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ထမင်းစားဆောင်နှင့် အလုပ်ရုံအဆောက်အအုံတို့ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Deputy Chief of Mission Ms.Cao Jing၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုတို့က ပန္နက်ရိုက်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ ၂၀၂၃ (တက္ကသိုလ်အဆင့်) ကို အွန်လိုင်းမှ ကျင်းပသွားမည်

နေပြည်တော် ဇူလိုင် ၁၂




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် ဆိုက်ဘာလုံခြုံရေး အသိပညာပေး ဗီဒီယိုပြိုင်ပွဲ ၂၀၂၃ (တက္ကသိုလ်အဆင့်)ကို အွန်လိုင်းမှတစ်ဆင့် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ပြိုင်ပွဲဝင်ဖိတ်ခေါ်ခြင်း အသေးစိတ် အချက်အလက်များကို https://www.ncsc.gov.mm/CAVC2023_RegistrationForm.pdf နှင့် https://www.ncsc.gov.mm/CAVC2023_Announce-ment.pdf Link တို့တွင် Download ရယူနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုနှစ်ဆု ချီးမြှင့်သွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဗီဒီယိုဖိုင်ကို ဘရူနိုင်းနိုင်ငံတွင် ကျင်းပမည့် Asean-Japan Cyber security Awareness Video Competition-2023 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြုပေးပို့ ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက အမျိုးသားဆိုက်ဘာလုံခြုံရေး ဗဟိုဌာန၏ ဝက်ဘ်ဆိုက် www.ncsc.gov.mm သို့လည်းကောင်း၊ ဖုန်းနံပါတ် -၀၆၇-၃၄၂၂၂၇၂ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ကျိုက်ထိုမြို့၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ၊ စွမ်းရည်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

ကျိုက်ထို ဇူလိုင် ၁၂

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ မွန်းလွဲ ၁ နာရီက (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ စွမ်းရည်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို မူလွန်(၁) ကုံ့ကော်ကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အာဇာနည်နေ့အကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမွန်က လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးများ အကြောင်းတို့ကို ဆွေးနွေးပြောကြားပြီး အာဇာနည်နေ့ အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၉၂၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၂-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၃၁,၉၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၈၄၂) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၆၃၁) ဦးရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တရုတ်သမ္မတ ရှီကျင့်ဖျင် ရုရှားဖက်ဒရေးရှင်းကောင်စီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**ပေကျင်း ဇူလိုင် ၁၂**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရုတ်နိုင်ငံတွင် ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းကောင်စီဥက္ကဋ္ဌ ဗယ်လန်တီနာမတ်ဗီယန်ကိုအား ပေကျင်းမြို့၌ ဇူလိုင် ၁၀ ရက်က လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။ တရုတ် - ရုရှားဆက်ဆံရေးသည် နှစ်နိုင်ငံစလုံး၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် တိုးတက်မှုများရရှိနေပြီးကဏ္ဍစုံတွင်ပူးပေါင်းဆောင်ရွက်ရန် အလားအလာကောင်းများရှိနေကြောင်း သမ္မတရှီက ပြောကြားခဲ့သည်။

**သဘောတူညီချက်အသစ်တွေရရှိခဲ့**

"ယခုနှစ်မတ်လအတွင်း သွားရောက်ခဲ့တဲ့ ရုရှားခရီးစဉ်အတွင်း သမ္မတပူတင်နဲ့ မိမိတို့ နှစ်နိုင်ငံအကြားဘက်စုံ မဟာဗျူဟာမြောက် ညှိနှိုင်းဆောင်ရွက်မှုနဲ့ နယ်ပယ်စုံမှာ လက်တွေ့ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစေဖို့ အရေးကြီးတဲ့ သဘောတူညီချက်အသစ်တွေ ရရှိခဲ့ပါတယ်" ဟု ရှီက ပြောကြားခဲ့သည်။ တရုတ်-ရုရှား ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုသည် မဟာဗျူဟာမြောက် ရွေးချယ်မှုဖြစ်ပြီး နှစ်နိုင်ငံအနေဖြင့် ၎င်းတို့၏ နိုင်ငံနှင့်ပြည်သူများ၏ အခြေခံအကျိုးစီးပွားအပေါ် အခြေပြုထားကြောင်း ရှီက မှတ်ချက်ပြုခဲ့သည်။

ခေတ်သစ်တစ်ခုကိုရှေးရှုပြီး နှစ်နိုင်ငံစလုံး၏ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန်အတွက် အပြန်အလှန်ကူညီမှု၊ နက်နက်ရှိုင်းရှိုင်း ပေါင်းစည်းမှု၊ ဆန်းသစ်တီထွင်မှုနှင့် ရလဒ်ကောင်းများပါဝင်သည့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ ဆက်လက်လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှီက ထပ်လောင်း ပြောကြားသည်။

ရုရှား-တရုတ် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှုပြီး သမိုင်းတစ်လျှောက် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း ဗယ်လန်တီနာမတ်ဗီယန်ကို ကပြောကြားခဲ့သည်။ သမ္မတရှီ၏ မတ်လအတွင်းက ရုရှားနိုင်ငံသို့လာရောက်ခဲ့သည့်ခရီးစဉ်သည် တရုတ်-ရုရှားဆက်ဆံရေး တိုးတက်စေရေးအတွက် အားသစ်လောင်းပေးခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

**ပံ့ပိုးသွားမည်ဖြစ်**

ရုရှားဖက်ဒရေးရှင်းကောင်စီသည် ရုရှား-တရုတ် ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစေရေးအတွက် ပံ့ပိုးသွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံခေါင်းဆောင်များ၏ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးအတွက် ဥပဒေရေးရာအာမခံမှုပံ့ပိုးရန်နှင့် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်နှင့်အတူ အားကောင်းသော ကူးလူးဖလှယ်မှုများ ဆောင်ရွက်သွားလိုကြောင်း ရုရှားဖက်ဒရေးရှင်းကောင်စီဥက္ကဋ္ဌ ဗယ်လန်တီနာမတ်ဗီယန်ကိုက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ နိုင်ငံရေးလောကမှ အနားယူပြီး နိုင်ငံရေးပါတီဝင်အဖြစ်မှ နုတ်ထွက်

**ဗန်ကောက် ဇူလိုင် ၁၂**

ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် နိုင်ငံရေးလောကမှ အနားယူပြီး နိုင်ငံရေးပါတီဝင်အဖြစ်မှ နုတ်ထွက်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။

နိုင်ငံရေးလောကမှ အနားယူပြီး ညီညွတ်သော ထိုင်းအမျိုးသားပါတီ၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ကြောင်း ပါတီ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

လွန်ခဲ့သည့် ကိုးနှစ်တာကာလအတွင်း ဝန်ကြီးချုပ်ရာထူးတာဝန်များ ထမ်းဆောင်ကာ နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် အစွမ်းကုန်ကြိုးစားခဲ့ကြောင်းနှင့် ယင်းသို့ ကြိုးစားမှု၏ ရလဒ်များကြောင့် အသီးအပွင့်များ ဖြစ်ထွန်းလာပြီး နိုင်ငံ၏ဘက်ပေါင်းစုံတွင် တိုးတက်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း ပရာယွတ်ချန်အိုချာက ဆိုသည်။

အစိုးရသစ်ဖွဲ့စည်းသည့် အချိန်အထိ ပရာယွတ်ချန်အိုချာသည် နိုင်ငံ၏ အိမ်စောင့်ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။

ညီညွတ်သော ထိုင်းအမျိုးသားပါတီသည် မေလ ၁၄ ရက်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ပဉ္စမနေရာ ရရှိခဲ့ပြီး အဖွဲ့ဝင် ၅၀၀ ရှိသော အောက်လွှတ်တော်တွင် ၃၆ နေရာ အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၃ ရက်တွင် ကျင်းပမည့် ထိုင်းပါလီမန်၏ အထွေထွေညီလာခံတွင် ဝန်ကြီးချုပ်သစ်အား ရွေးကောက်တင်မြှောက်ခြင်းပြုမည်ဖြစ်သည်။

ဝန်ကြီးချုပ်သစ် ရွေးကောက်တင်မြှောက်ခြင်းမပြုမီ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ နိုင်ငံရေးလောကမှ အနားယူသည့်ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ယခုနှစ်ပထမနှစ်ဝက်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး ၁၃ ရာခိုင်နှုန်းလျော့ကျ

**ဖနောင်ပင် ဇူလိုင် ၁၂**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တာကာလအတွင်း နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၆၉ ဘီလီယံသာ ရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်အလားတူကာလက နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၄ ဘီလီယံ ရှိခဲ့သဖြင့် ယင်းကာလနှင့် နှိုင်းယှဉ်ပါက နိုင်ငံတကာကုန်သွယ်မှု ဝင်ငွေ ၁၃ ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၆ ဘီလီယံ ရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်းနှင့် သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၃ ဘီလီယံရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၂ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်ပထမနှစ်ဝက်အတွင်း အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းများ တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၆ ဘီလီယံတန်ဖိုး ရှိခဲ့သဖြင့် ယမန်နှစ်အလားတူကာလက အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၇ ဘီလီယံရှိခဲ့ခြင်းကြောင့် ၁၈ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းများသည် ကမ္ဘောဒီးယားနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေအများဆုံး ရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အမေရိကန်နည်းပညာကုမ္ပဏီ Meta ၏ အက်ပလီကေးရှင်း Threads ကို ဥရောပသမဂ္ဂနိုင်ငံများအတွင်း၌ အသုံးပြုခွင့်မရရှိသေး

**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကန်နည်းပညာကုမ္ပဏီ Meta ၏ အက်ပလီကေးရှင်းအသစ်တစ်ခုဖြစ်သည့် Threads သည် ကမ္ဘာတစ်ဝန်း၌ သုံးစွဲသူများစွာကို ဆွဲဆောင်ထားသော်လည်း ၎င်းသည် ဥရောပသမဂ္ဂနိုင်ငံများအတွင်း၌ အသုံးပြုခွင့်မရရှိသေးကြောင်း သိရသည်။

ဥရောပသမဂ္ဂနိုင်ငံများတွင် တင်းကျပ်သော ကိုယ်ရေးအချက်အလက်ဆိုင်ရာ စည်းမျဉ်းများ ရှိသည့်အတွက် Threads အက်ပလီကေးရှင်းကို သုံးစွဲခွင့်မပြုခြင်းဖြစ်ကြောင်း သိရသည်။

Threads အက်ပလီကေးရှင်းသည် ဇူလိုင် ၅ ရက်တွင် နိုင်ငံပေါင်း ၁၀၀ ကျော်အထိ ပျံ့နှံ့ရောက်ရှိခဲ့ပြီး ငါးရက်အကြာတွင် သုံးစွဲသူဦးရေ သန်း ၁၀၀ ကျော်သွားခဲ့ကြောင်း သိရသည်။

Threads အက်ပလီကေးရှင်းသည် တွစ်တာ၏ ပြိုင်ဘက်တစ်ခုဖြစ်ကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

ဥရောပသမဂ္ဂ၏ အထွေထွေဒေတာကာကွယ်ရေးစည်းမျဉ်းနှင့်အညီ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို စုဆောင်းလိုသည့် နည်းပညာကုမ္ပဏီများသည် ဒေတာအချက်အလက်များကို မည်သို့အသုံးပြုမည်ဆိုသည်ကို သုံးစွဲသူအား အသိပေးပြီး ခွင့်ပြုချက် ရယူရမည်ဖြစ်သည်။ ယင်းသို့လိုက်နာမှုမရှိဘဲ စည်းမျဉ်းချိုးဖောက်သည့် ကုမ္ပဏီများကို ကြီးမားသော ဒဏ်ငွေများ ချမှတ်နိုင်သည်။

မေလတွင် Meta ကုမ္ပဏီက ဥရောပသမဂ္ဂနိုင်ငံများရှိ ဖေ့ဘွတ်ခ် (Facebook) သုံးစွဲသူများ၏ ဒေတာအချက်အလက်များကို အမေရိကန်နိုင်ငံသို့ လွှဲပြောင်းခဲ့ခြင်းအတွက် အိုင်ယာလန်နိုင်ငံ၏ဒေတာ ကာကွယ်ရေးကော်မရှင်က ယင်းကုမ္ပဏီအား ဒဏ်ငွေ ယူရို ၁ ဒသမ ၂ ဘီလီယံ သို့မဟုတ် ဒေါ်လာ ၁ ဒသမ ၃၂ ဘီလီယံခန့် ဒဏ်ရိုက်ခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဇွန်လအတွင်း တရုတ်နိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှု ၅၆ ရာခိုင်နှုန်းမြင့်တက်

**ပေကျင်း ဇူလိုင် ၁၂**

တရုတ်နိုင်ငံသည် ယခုနှစ်ဇွန်လအတွင်းက မော်တော်ယာဉ် အစီးရေစုစုပေါင်း ၂၉၀၀၀၀ တင်ပို့နိုင်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၆ ရာခိုင်နှုန်းအထိ မြင့်တက်မှုရှိခဲ့ကြောင်း တရုတ်နိုင်ငံ မော်တော်ယာဉ်အသင်းက ယနေ့တွင် ပြောကြားသည်။

ယင်းသို့ ဇွန်လအတွင်း မော်တော်ယာဉ်တင်ပို့နိုင်ခဲ့ခြင်းသည် တရုတ်နိုင်ငံအနေဖြင့် မော်တော်ယာဉ်တင်ပို့မှု အရှိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း တရုတ်နိုင်ငံ မော်တော်ယာဉ် အသင်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့် ဇွန်လအတွင်း စွမ်းအင်သုံးယာဉ်အသစ်အစီးရေ ၇၀၀၀၀ တင်ပို့နိုင်ခဲ့ခြင်းကြောင့် အဆိုပါ စွမ်းအင်သုံးယာဉ်အသစ်တင်ပို့မှုသည် ယမန်နှစ်အလားတူ ကာလကထက် ၁၈၅ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း ခရီးသည်တင်ယာဉ် အစီးရေစုစုပေါင်း ၁ ဒသမ ၆၈ သန်းတင်ပို့နိုင်ခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၉၂ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရအရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၁၁ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thida Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတံခါးရပ်ကွက်နေ သီတာစိုးအား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Tun Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာ အရှေ့ရပ်ကွက်နေ ရဝေအောင်(ခ)ထွန်းဝင်းနှင့် “San Kay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အနိုပ်တော်ရပ်ကွက်နေ စန်းစန်းအေးတို့အား မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**☆ မန္တလေးမှ**

ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင် အဆောက်အအုံများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းများကို နေ့/ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့ တိုင်ကြားချက်အရ ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် လမ်း(၃၀)၊ ၇၇x ၇၈ အကြားရှိ “မဟာ” ဆေးခန်း၌ နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် **ငြိမ်းချမ်းအောင်(ခ) အားသစ်**နှင့် တရားမဝင်ပေါင်းသင်းနေထိုင်သူ **ပပဝင်း** တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ငြိမ်းချမ်းအောင်**၏ ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် KNLA တပ်မဟာ(၂) လှူပ်ရှားနယ်မြေ၌ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း သုံးလခန့် တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်းဆင်းပြီးနောက် ဧပြီလတွင် ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန်အတွက် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့အား **ငြိမ်းချမ်းအောင်** ခေါင်းဆောင်၍ **ပပဝင်း**၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **အယ်နှောင်း၊ ရတီ၊ ကျူးကြီး၊ ကိုကြီး၊ ဒီပ၊ ကျွဲကြီး၊ ကိုမျိုး** အပါအဝင် ၂၀ ဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်သတ်ဖြတ်မှု လေးကြိမ်၊ မိုင်းထောင်ဖောက်ခွဲမှု နှစ်ကြိမ်ဆောင်ရွက်ခဲ့ကြောင်း-

- ၂၀၂၂ ခုနှစ် မတ် ၂၀ ရက်တွင် **ငြိမ်းချမ်းအောင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **အယ်နှောင်း**တို့ နှစ်ဦးသည် ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ဖမ်းဆီးရန်ကျန်တရားခံ **ရတီ** က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ဧပြီ ၁၉ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ရတီ**နှင့် **အယ်နှောင်း**တို့ နှစ်ဦးသည် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာအနီး၌ မြို့နယ်လျှပ်စစ်ရုံး မန်နေဂျာ ဦးကျော်ရဲအောင်အား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် **ငြိမ်းချမ်းအောင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ဇွန် ၁၉ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ကျူးကြီး**နှင့် **ကိုကြီး**တို့ နှစ်ဦးသည် ပုသိမ်ကြီးမြို့နယ် ကန်သာကျေးရွာ ရာအိမ်မှူး ဦးသန်းဆွေအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ဖမ်းဆီးရန်ကျန်တရားခံ **အယ်နှောင်း**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **အယ်နှောင်း၊ ဒီပ၊ ကျွဲကြီး၊ ကိုမျိုး** တို့အပါအဝင် အဖွဲ့ဝင် ခုနစ်ဦးဖြင့် သံဃာအယောင်ဆောင်၍ လိုက်ထရပ်မော်တော်ယာဉ်ဖြင့် ပုသိမ်ကြီးမြို့နယ် မြကန်သာဈေးအနီး၌ ဈေးဝယ်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာတွင် **ငြိမ်းချမ်းအောင်** က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **အယ်နှောင်း၊ ကိုကြီး**တို့က ပုသိမ်ကြီးမြို့နယ် မြို့နယ်လျှပ်စစ်ရုံးအား လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲရာတွင် **ငြိမ်းချမ်းအောင်** က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် **ငြိမ်းချမ်းအောင်**၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **အယ်နှောင်း၊ ကိုကြီး**တို့က ပုသိမ်ကြီးမြို့နယ် မြို့နယ်စည်ပင်သာယာရေးရုံးအား လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ အကြမ်းဖက်လုပ်ငန်းများတွင် အသုံးပြုရန် “နတ်ဆိုး PDF အကြမ်းဖက်အဖွဲ့” Facebook Page အမည်ဖြင့် လူမှုကွန်ရက်မှတစ်ဆင့် ငွေကြေးကောက်ခံ၍လည်းကောင်း၊ NUG ထံမှ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ရန် ထောက်ပံ့ငွေများတောင်းခံ၍လည်းကောင်း ရရှိငွေများဖြင့် အကြမ်းဖက်လုပ်ငန်းဆောင်ရွက်မှု၊ လက်နက်/ခဲယမ်းများဝယ်ယူမှုနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် သုံးစွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



ဦးမြင့်ဆွေ(၅၅)နှစ်(သေဆုံး)



ဦးကျော်ရဲအောင်(၅၆)နှစ်(သေဆုံး)



ဦးသန်းဆွေ(၅၂)နှစ်(သေဆုံး)





၂-၁၂-၂၀၂၁ ရက်တွင် ပုသိမ်ကြီးမြို့နယ်ရှိ မြို့နယ်လျှပ်စစ်ရုံးအား အကြမ်းဖက်သူများက လက်လုပ်မိုင်းတစ်လုံး လာရောက်ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၃၁-၁-၂၀၂၂ ရက်တွင် ပုသိမ်ကြီးမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအား အကြမ်းဖက်သူများက လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

---

**❍ ကျောဖုံးမှ**

အောင်သူသည် ၂၀၁၈ ခုနှစ်ကတည်းက ထိုင်းကလပ်များတွင် ကစားနေခြင်းဖြစ်ပြီး Police Tero အသင်း၊ မြောင်တောင်ယူနိုက်တက်အသင်း၊ ဘူရီရမ်ယူနိုက်တက်အသင်းနှင့် လမ်ဖွန်ဝါရီယာအသင်းတို့တွင် ကစားခဲ့ကာ ငါးသင်းမြောက်အသင်းအဖြစ် အူထိုင်းထာနီအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ အောင်ကောင်းမာန်မှာမူ ၂၀၂၀ ပြည့်နှစ်တွင် ပြည်ပကလပ်များသို့ စတင်ပြောင်းရွှေ့ခဲ့ပြီး ထိုင်းနှင့် မလေးရှားကလပ်များတွင် ကစားခဲ့သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-အူထိုင်းထာနီအသင်း**

# ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်



**နေပြည်တော် ဇူလိုင် ၁၂**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ် (မြစ်ကြီးနား)သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်အိတ် ၆၀၀၀၊ စားသောက်ကုန်နှင့် အထွေထွေပစ္စည်း ၁၁၃၈ အိတ်၊ စက္ကူ ၂၉၉ ဖာ၊ ရေသန့်ခြောက်ဘူးပါ ၁၅၆၉၇ ကတ်၊ အဝတ် ၁၅၉၅ ထုပ်၊ စာအုပ်တစ်ထုပ်၊ သောက်ဆေး ၁၂၃ ဖာ၊ သစ်တောဦးစီးဌာနက စစ်တွေမြို့တွင် ပြန်လည်စိုက်ပျိုးရန်အတွက် မဟော်ဂနီပင် ၂၃၆၅၀၊ မဲဇလီပင် ၃၀၀၀၊ ရေတမာပင် ၁၇၀၊ မန်ကျန်းပင် ၉၀၀၀ စုစုပေါင်း ကုန်တန်ချိန် ၄၄၁ တန်ခန့်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းတံတား၌ တင်ဆောင်၍ ယနေ့ စစ်တွေမြို့သို့ ထွက်ခွာသွားသည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့၌ (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**မော်လမြိုင် ဇူလိုင် ၁၂**

မော်လမြိုင်မြို့ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက ဟောပြောပွဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ယနေ့ခေတ် လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများ အနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ တိုင်းပြည်နှင့်လူမျိုးအပေါ် ထားရှိသော မျိုးချစ်စိတ်ဓာတ်များ ထာဝစဉ်ကိန်းအောင်းနေစေရေး ဆွေးနွေးဟောပြောခဲ့သည်။



ထို့နောက် (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးတို့၏ အတ္ထုပ္ပတ္တိများ၊ အထူးဂရုပြုလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# “ စိမ်းမိုးမို့ အမှတ်တရတေးများ ပွဲစဉ်(၂) တေးဂီတဖျော်ဖြေပွဲ” မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်




**နေပြည်တော် ဇူလိုင် ၁၂**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်မှုအဖြစ် **“စိမ်းမိုးမို့ အမှတ်တရတေးများ ပွဲစဉ်(၂) တေးဂီတဖျော်ဖြေပွဲ”** ကို ဇူလိုင် ၁၄ ရက် သောကြာနေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် **“မြန်မာ့အသံတေးဂီတ”** အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ရဲရင့်ဝေလွင်၊ ဆုထက်လှိုင်၊ နေခြည်၊ ထွန်းပပအောင်၊ မြင့်မြတ်သူ၊ မြနန္ဒာ၊ မြင့်မြတ်ကျော်၊ မေသူမျိုး၊ လင်းလက်ခွန်ချိုနှင့် အယ်လ်ဘန်နီချမ်ဖ်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဇူလိုင် ၁၆ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၅၀ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၀၉၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၄၀ | ၂၃၆၅ | ၂၈၂၀ |
| 95 Ron | ၂၁၆၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၅ | ၂၂၁၀ | ၂၂၃၅ | ၂၂၂၀ | ၂၁၉၅ | ၂၂၉၅ | ၂၃၁၀ | ၂၂၀၅ | ၂၂၂၀ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၈၀ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၈၀ | ၂၁၂၅ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၆၅ | ၂၃၉၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၆၀ | ၂၂၀၅ | ၂၂၀၅ | ၂၁၆၅ | ၂၂၀၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၄၅ | ၂၄၇၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၆၀ | ၂၂၀၅ | ၂၂၀၅ | ၂၁၆၅ | ၂၂၀၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၄၅ | ၂၄၇၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၅ | ၂၀၁၇ |
| 95 Ron | ၂၀၅၇ | ၂၁၃၁ |
| HSD (500 ppm) | ၁၉၇၇ | ၂၀၄၆ |
| HSD (50 ppm) | ၂၀၅၁ | ၂၁၂၁ |
| HSD (10 ppm) | ၂၀၅၁ | ၂၁၂၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ထားဝယ်မြို့၌ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

**ထားဝယ် ဇူလိုင် ၁၂**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စနိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးတာဝန်ခံအရာရှိက ထားဝယ်မြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Dawei River Enterprise Co.,Ltd မှ အာမခံအလုပ်သမား ဦးအောင်မျိုးသူ၏ လုပ်ငန်းခွင်မတော်တဆထိခိုက်ဒဏ်ရာရသေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ကျန်ရစ်သူမိသားစုအားလည်းကောင်း၊ အာမခံအလုပ်သမားသုံးဦး၏ လုပ်ငန်းခွင်ထိခိုက်မှုအတွက် အမြဲတမ်းမသန်စွမ်းမှု (ငွေလုံးငွေရင်း)နှင့် ဆေးဖိုးကုန်ကျစရိတ် ပြန်အမ်းငွေစုစုပေါင်းငွေကျပ် ၁၀၄၅၀၇၉၂ ကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2" colspan="2">စဉ်</th><th rowspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>ခံနိုင်ရည်နည်းပါးသောသူများအတွက်သာကျန်းမာရေးကိုထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ညောင်ဦးမြို့</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပခုက္ကူမြို့</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၂</td><td>ဗန်းမော်မြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>စစ်တွေမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျောက်ဖြူမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၃</td><td>သံတွဲမြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td>၁၂</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td colspan="2">တိုင်းတာနိုင်ခြင်းမရှိပါ</td><td colspan="2">ကောင်းမွန်</td><td colspan="2">တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>လားရှိုးမြို့</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျိုင်းတုံမြို့</td><td>ကောင်းမွန်</td><td colspan="5">တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ပခုက္ကူကုန်စည်ဒိုင်၌ ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိ

ပခုက္ကူ ဇူလိုင် ၁၂

မကွေးတိုင်းဒေသကြီး ပခုက္ကူကုန်စည်ဒိုင်တွင် ပခုက္ကူဒေသမှ စိုက်ပျိုးထွက်ရှိသော ပဲစင်းငုံနီ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲယဉ်း၊ စွန်တာနီ၊ ပဲလွမ်းပြာနှင့် အခြားပဲမျိုးစုံများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လ ပထမပတ်တွင် ပဲဈေးနှုန်းများမှာ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၉၈၀၀၀-၉၈၈၀၀-၁၀၀၁၀၀၊ ကုလားပဲ (ဝါလုံးကြီး) (929)တစ်တင်းလျှင် ကျပ် ၈၂၅၀၀၊ ကုလားပဲ (ဖြူလုံး) (V2/V6) တစ်တင်းလျှင် ကျပ် ၈၃၆၀၀- ၈၄၃၀၀၊ ပဲတီစိမ်းကြီးမှာ အရည်အသွေးအပေါ်မူတည်ပြီး တစ်တင်းလျှင် ကျပ် ၄၇၀၀၀-၅၄၀၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၄၆၅၀၀-၄၆၈၀၀၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၁၉၂၀၀၊ ပဲယဉ်းနီတစ်တင်းလျှင် ကျပ် ၇၄၃၀၀၊ မတ်ပဲတစ်တင်းလျှင် ကျပ် ၅၀၀၀၀-၅၉၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၁၅၀၀၀၊ မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၈၀၀ ဖြင့် ကုန်စည်ဒိုင်တွင် ဥပုသ်နေ့မှလွဲ၍ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ပဲစင်းငုံနီ အိတ် ၁၅၀၀၊ ကုလားပဲ (ဝါလုံးကြီး) (929) အိတ် ၃၀၀၊ ကုလားပဲဖြူလုံး (V2/V6) အိတ် ၁၅၀၀၊ ပဲတီစိမ်းကြီး အိတ် ၂၅၀၀၊ ပဲဇီးကွက် အိတ် ၂၅၀၊ ပဲယဉ်းနီ အိတ် ၁၀၀၊ ပြောင်းဖူးစေ့ (CP)အိတ် ၂၀၀၊ မန်ကျည်းတောင့် ပိဿာချိန် ၁၅၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တင်ပို့မှုအနေဖြင့် မြန်မာပြည်အောက်ပိုင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နေကြောင်း ကုန်သည်များထံမှ သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**



## ပြည်မြို့ ဆင်မြီးဆွဲဒေသမှထွက်ရှိသော ပြောင်းဖူးများ အရောင်းအဝယ်ဖြစ်

ပြည် ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် မိုးစိုက်ပြောင်းနှင့် ဆောင်းစိုက်ပြောင်းဟူ၍ စိုက်ပျိုးကြပြီး မိုးစိုက်ပြောင်းဖူးကို မိုးရာသီဖြစ်သော မေလနှင့် ဇွန်လများတွင် စိုက်ဧက ၁၂၈၀ စိုက်ပျိုးကြကြောင်း၊ ပြောင်းဖူးသီးနှံကို ပန်းတောင်းမြို့နယ်တွင် ၈၆၇ ဧကဖြင့် အများဆုံး စိုက်ပျိုးကြကြောင်း၊ မိုးစိုက်ပြောင်းဖူးကို စိုက်ပျိုးပြီး သုံးလအကြာတွင် ပြောင်းဖူးများ စတင်ခူးဆွတ်၍ ရောင်းချနိုင်ကြောင်း၊ တစ်ဧကလျှင် ပြောင်းဖူးအပင်ရေ ၂၉၀၄၀ စိုက်ပျိုးနိုင်ပြီး တစ်ပင်လျှင် တစ်ဖူးသာထွက်ရှိ၍ မြေကောင်းလျှင် နှစ်ဖူးထွက်ရှိကြောင်း သိရသည်။ ပြည်မြို့နယ်တွင် ပြောင်းဖူး (အစေး)များကို အများဆုံးစိုက်ပျိုးပြီး ပြောင်းဖူး (အဝါ)ကို အနည်းငယ်သာ စိုက်ပျိုးကြကြောင်း၊ ယခုအချိန်မိုးရာသီကာလတွင် ပြည်ခရိုင် ဆင်မြီးဆွဲဒေသမှထွက်ရှိသော ဆင်မြီးဆွဲပြောင်းဖူးမှာ ပြောင်းစေး အမျိုးအစားဖြစ်ပြီး တစ်ဖူးလျှင် ကျပ် ၃၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်၍ ပြောင်းဖူးစိုက်တောင်သူများအကျိုးအမြတ် များစွာရရှိကြောင်း သိရသည်။

## ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ဇူလိုင် ၁၂

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ ဆီအုန်းတို့ ဖြစ်သည်။

ဇူလိုင် ၅ ရက်မှ ၉ ရက်အထိ ပို့ကုန်တန်ချိန် ၂၁၄၅ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၈၉ သန်း)နှင့် သွင်းကုန်တန်ချိန် ၃၆၈ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၉၇ သန်း)ဖြစ်ရာ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၈၆ သန်းဖြစ်သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်း တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၉၀ ဖြင့် တန်ချိန် ၁၀၀၊ ငါးခွေးလျှာတစ်တန်ဈေးနှုန်း ၁၁၂၀ အမေရိကန်ဒေါ်လာဖြင့် တန်ချိန် ၂၃ ဒသမ ၉၇၈၊ ငါးလိပ်ကျောက် တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၂၀၇၀ ဖြင့် တန်ချိန် ၄ ဒသမ ၅၈ တန်၊ ကျောက်ငါး တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၂၄၂၀ ဖြင့် တန်ချိန် ၃ ဒသမ ၀၁၀ တန်၊ ညိုချော တစ်တန်ဈေးနှုန်းအမေရိကန်ဒေါ်လာ ၈၈၀ ဖြင့် တန်ချိန် ၃၉ ဒသမ ၂၈၀ တန်၊ စက်ဟောက် တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၉၉၀ ဖြင့် တန်ချိန် ၁၉၇ ဒသမ ၁၃၀၊ ငါးဗျက် တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၀၈၀ ဖြင့် တန်ချိန် ၁၃၄ ဒသမ ၆၀ တန်၊ ငါးဗျောသီး တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၂၅၀ ဖြင့် တန်ချိန် ၂၆ ဒသမ ၀၈၀ တန်၊ ငါးချဉ်ပေါင် တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၂၉၀ ဖြင့် တန်ချိန် ၁ ဒသမ ၆၈၀ နှင့် ကဏန်းတစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၃၈၉၀ ဖြင့် တန်ချိန် ၈ ဒသမ ၀၀၉ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ဒီဇယ် တစ်တန်ဈေးနှုန်း ၇၆၂ အမေရိကန်ဒေါ်လာဖြင့် တန်ချိန် ၅၀၀၊ ကျောက်ချဉ်တစ်တန်ဈေးနှုန်း ၁၆၆ ဒသမ ၆၆ အမေရိကန်ဒေါ်လာဖြင့် တန်ချိန် ၃၀၊ ကော် တစ်တန်ဈေးနှုန်း ၂၂၂ ဒသမ ၂၂ အမေရိကန်ဒေါ်လာဖြင့် ကိုးတန်ချိန်၊ ငါးထည့်သည့်ခြင်း တစ်တန်ဈေးနှုန်း ၆၆၆ ဒသမ ၆၆ အမေရိကန်ဒေါ်လာဖြင့် ကိုးတန်ချိန်၊ ပီလောပီနံမှုန့် တစ်တန်ဈေးနှုန်း ၅၁၆ ဒသမ ၆၆ အမေရိကန်ဒေါ်လာဖြင့် တန်ချိန် ၂၄၀၊ ပလတ်စတစ်ရေခဲပုံး တစ်တန်ဈေးနှုန်း ၁၉၀၃ ဒသမ ၂၂ အမေရိကန်ဒေါ်လာဖြင့် ၃၁ တန်တို့ဖြစ်သည်။

## ဂျပန်သို့တင်ပို့မည့် ရုံးပတီသီးစိုက်ပျိုးရန် Nilar Forzen Foods Co.,Ltd. နှင့် တောင်သူများ အကျိုးတူပူးပေါင်း

တောင်ငူ ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ခပေါင်းတိန်ကျေးရွာရှိ တောင်သူများမှာ ဂျပန်နိုင်ငံသို့ တင်ပို့မည့် ရုံးပတီသီးများ စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

Nilar Forzen Foods Co.,Ltd. (NFF) သည် တောင်သူများ စိုက်ပျိုးမည့် ရုံးပတီမျိုးစေ့နှင့် သွင်းအားစုများကို အကြွေးစနစ်ဖြင့် ထုတ်ပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးနည်းပညာများ ကူညီပေးနိုင်ရန်အတွက် စိုက်ပျိုးရေးပညာရှင်နှစ်ဦးကိုလည်း ကျေးရွာတွင်ထားရှိမည်ဖြစ်ကာ ထုတ်ပေးထားသော မျိုးစေ့နှင့် သွင်းအားစုစရိတ်များကို သီးနှံပေါ်ချိန်တွင် အရစ်ကျခုနှိမ်မည်ဖြစ်သည်။

သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ၆-၉ စင်တီမီတာ အရှည်ရှိ ရုံးပတီသီးတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၊ ၉-၁၃ စင်တီမီတာအရှည်ရှိ ရုံးပတီသီးတစ်ပိဿာလျှင် ငွေကျပ် ၇၀၀ ဖြင့် ကုမ္ပဏီမှ စာချုပ်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ကာ ခပေါင်းတိန်ကျေးရွာတွင် ဧက ၆၀ ခန့် စာချုပ်ချုပ်ဆို၍ စိုက်ပျိုးမည်ဖြစ်ရာ လက်ရှိတွင် တောင်သူ ၂၄ ဦး၏ ၁၆ ဒသမ ၇၅ ဧကအား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

### ၁၂-၇-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၂၀၀၀ | ၈၇၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၃၀၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၅၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၂၆၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၆၇၀၀ | ၆၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၃၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၄၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၆၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၉၀၀ | ၉၀၀၀ | ၄၈၀၀ | ၉၅၀၀ | ၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၅၀၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၆၀၀ | ၈၅၀၀ | ၈၀၀ | ၉၈၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၂၄၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၅၀၀ | ၂၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၅၀ | | ၁၃၅၀၀ | ၇၅၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၇၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၆၅၀ | ၇၇၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၇၇၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀ | ၆၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | | ၁၄၅၀၀ | ၇၆၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၉၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၂၈၀၀ | ၂၇၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၆၂၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၆၀၀ | ၁၈၅၀၀ | ၂၄၀၀ | ၆၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀ကျပ်၊ မုံရွာတွင် ၁၀၀ကျပ်၊ ပခုက္ကူတွင် ၃၀၀ကျပ်၊ ပဲခူးတွင် ၄၀၀ကျပ်၊ ကလေးတွင် ၅၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာလျှင် မြိတ် နှင့် စစ်တွေတွင် ၅၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀၀ကျပ်၊ ပျဉ်းမနားတွင် ၁၀၀ကျပ်၊ နေပြည်တော်တွင် ၄၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် စစ်တွေနှင့် ပခုက္ကူတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ငရုတ်ခြောက် တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၅၀၀ကျပ်၊ နေပြည်တော်တွင် ၁၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ကလေးတွင် ၁၀၀၀ကျပ်၊ မြေပဲဆံ တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပုသိမ်တွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ် ဈေးကျခဲ့ပါသည်။

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း (၄)လမ်း၊ အမှတ် (၁၉၁) ဟုခေါ်တွင်သော မြေပေါ်၌ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆-ထပ်)တိုက် အဆောက်အဦ၏ (၄-လွှာ) (ခြေရင်းဘက်ခြမ်း)တိုက်၏ အရှေ့တည့်တည့်မှကြည့်လျှင် ဘယ်ဘက်အခြမ်း လူနေတိုက်ခန်းနှင့် ရေ၊ မီး အပါအဝင် လူနေထိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမောင်မောင်ကြီး [၁၂/ဆကန(နိုင်) ၀၀၁၇၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထားဦး [၁၂/လမန(နိုင်)၀၀၀၈၄၀] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းလူနေတိုက်ခန်းနှင့်ပတ်သက်သော ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်အား ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၉၆၈၈)**
**အမှတ် (၂၃၅)၊ အောင်သိဒ္ဓိလမ်းနှင့် စံပြ(၃)လမ်းထောင့်၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၆၀၀၂၅၉၅၀**

## အမည်ပြောင်း

သာကေတမြို့နယ်၊ မှန်ကင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဒုတိယတန်းမှ ဦးနေလင်းထက်၏သားဖြစ်သူ မောင်မိုးမြင့်အောင်အား ယနေ့မှစ၍ ဉာဏ်မိုးမြင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဉာဏ်မိုးမြင့်**

## အမည်ပြောင်း

သာကေတမြို့နယ်၊ မှန်ကင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ စတုတ္ထတန်းမှ ဦးနေလင်းထက်၏သမီးဖြစ်သူ မရွှေရည်ရတီသူအား ယနေ့မှစ၍ အိမ့်ရတီအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အိမ့်ရတီအောင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/ဗိုလ်ရန်ပြေ)၊ မြေကွက်အမှတ် (၁၀၆၅/က)၊ အကျယ်အဝန်း ဧရိယာ (၀.၀၂၇၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ရာဇသကြ်န် (၆)လမ်း၊ အမှတ် (၁၀၆၅/က) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်နိုင် [၁၂/ဒလန(နိုင်) ၀၃၁၆၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph- ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီးအတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးခဲ့မှုအပေါ် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ- ၁၆(ဃ)အရ **“မိမိလုပ်ကိုင်ခွင့်ရရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် မြေခွန်ကို အပြေအကျေ ပေးဆောင်ရမည်”**ဟု ပြဋ္ဌာန်းထားရှိခဲ့မှုအပေါ် မြေခွန်ကို နှစ်စဉ်အပြေအကျေပေးဆောင်ရမည်ဖြစ်ပါသည်။

သို့သော် ပဲခူးတိုင်းဒေသကြီးအတွင်း မြေခွန်ပေးသွင်းရန် ကျန်ရှိသည့် လုပ်ပိုင်ခွင့်/အသုံးပြုခွင့် ရရှိသူများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ- ၁၂ အရ “ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်”ဟု ပြဋ္ဌာန်းထားရှိခဲ့ပြီးဖြစ်သဖြင့် ဤအသိပေးကြေညာသည့်နေ့ရက်မှ (၇)ရက်အတွင်း မြေခွန်ကို အပြေအကျေပေးဆောင်ခြင်းမပြုပါက ပုဒ်မ- ၁၂ အရ မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ငုရွှေဝါလမ်း၊ တိုက်အမှတ် (က/၉) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦ၏ မြေညီထပ်၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၁ ၁/၂'x၄၄')ရှိ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး၊ အရှုပ်အရှင်းကင်းလျက် လွတ်လပ်စွာ လွှဲပြောင်းရောင်းချစီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလား(လ်)ဂျီတေဝါရီ [၁၂/ဒလန(နိုင်)၀၃၅၅၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ကိုကိုဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၇၄)**
**တိုက် (၁)၊ ကွမ်းခြံ (၂)လမ်း၊ (၄) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၆၉၄၆၀၊ ၀၉-၈၆၃၀၂၁၀**

## “အများသိစေရန်ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ ဆင်တဲလမ်း၊ အမှတ်-၁၇(က)နေ မအေးမင်းသောင်း [၁၂/ပဇတ(နိုင်)၀၃၀၇၃၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေ မအေးမင်းသောင်းနှင့် ကိုဖြိုးဝေအောင် [၁၂/မရက(နိုင်)၁၃၄၉၇၀]တို့သည် အင်းစိန်ခရိုင်တရားရုံးတော်၌ မှတ်ပုံတင်အမှတ်- ၂၁၂ ဖြင့် (၇-၇-၂၀၂၃)ရက်နေ့တွင် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ကွာရှင်းပြတ်စဲပြီးချိန်မှစ၍ မအေးမင်းသောင်းနှင့် ကိုဖြိုးဝေအောင်တို့ သက်ဆိုင်ခြင်းမရှိတော့ပါသဖြင့် ကိုဖြိုးဝေအောင်နှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ မအေးမင်းသောင်းမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲလင်းအောင်(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၂၉၂၅၁)**
**ရှေ့နေများရုံးခန်း၊ မင်္ဂလာဒုံခရိုင်တရားရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉-၆၆၆၃၁၃၃၄၄ ၊ ၀၉-၇၅၇၃၆၆၄၃၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံ(အရှေ့တောင်) ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ မြေကွက်အမှတ် (၇၄၃) ဟုခေါ်တွင်သော အလျား (၄၀)ပေx အနံ (၆၀)ပေရှိ မြေကွက်၊ အမည်ပေါက် ဦးမောင်မောင်သန်း (IGU- 138595) (ပါမစ်)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ် အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်ခင်စန္ဒာကျော် [၁၄/ကလန(နိုင်)၁၃၈၃၄၁]က မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်တင်တင်ဝင်း [၁၃/လရန(နိုင်)၀၂၅၆၃၄]က အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်)ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဟိန်းထိုက်စိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၁၀၃၃)**
**အမှတ်(၂၉)၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၆၆၀၇၆၊ ၀၉-၂၅၄၁၀၆၃၅၂**

## “လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်းနှင့် အောင်မင်းခေါင်လမ်းထောင့်၊ အမှတ်- ၇၁(စီ)တွင် နေထိုင်သော ဦးသူရမောင် [၁၃/တကန(နိုင်)၂၁၀၈၈၈]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်တင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

**စာချုပ်အမှတ်- ၃၀၀၆/၂၀၂၃ (နေ့စွဲ- ၂၁-၃-၂၀၂၃)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အမျိုးသမီး၊ အမျိုးသားများ၏ အသားအရည်၊ မျက်နှာ၊ ခန္ဓာကိုယ်၊ ဆံပင်တို့နှင့်ပတ်သက်သော အလှအပရေးရာကုထုံးအမျိုးမျိုး၊ အလှအပဆိုင်ရာ ခွဲစိတ်ပြုပြင်ခြင်း အစရှိသည်တို့နှင့်ပတ်သက်သော အကြံပေးဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ဆေးရုံ/ဆေးခန်းများ ဖွင့်လှစ်ခြင်း၊ အလှအပကုထုံးဆောင်ရွက်ချက်များအတွက် လိုအပ်သောလိမ်းဆေး၊ သောက်ဆေး၊ တိုနာ၊ cream စသည့် Skincare products အမျိုးမျိုးထုတ်လုပ်ခြင်းတို့အပြင် လက်လီ / လက်ကားဖြန့်ဖြူးရောင်းချသည့်ဆိုင်ခန်းများဖွင့်လှစ်ခြင်း၊ Online မှ ရောင်းချပေးခြင်းများအပြင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်ငြမ်းတုပသုံးစွဲခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်ငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသူရမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)**
**ဒေါ်ခိုင်ဆုဝေ(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၀၆၅)**
**အမှတ်(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ရှင်စောပုလမ်း၊ ဝင်ဆာဂါးဒင်းအိမ်ရာ၊ အမှတ်(၁)တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇D)၊ မြေကွက်အမှတ်(၇အီး/၁/ဂျေ)၊ မြေအမျိုးအစား-ဂရန်ရှိ မြေပိုင်မြေ၊ အမည်ပေါက် ဒေါ်ကျင်ကျင်မူ [၉/မရမ(နိုင်)၀၅၆၄၈၈]၊ ဒေါ်နွယ်နွယ်ရီ [၉/မရမ(နိုင်) ၀၅၆၄၈၇]၊ ဦးဇော်မင်း [၉/မရမ(နိုင်)၀၅၆၄၈၉] မြေကွက်ဖြစ်ပါသည်။ ယင်းမြေအား အမည်ပေါက်တစ်ဦးဖြစ်သူ (မိခင်)ဒေါ်ကျင်ကျင်မူသည် (၁-၁၁-၂၀၂၂)ရက်နေ့တွင်လည်းကောင်း၊ (ဖခင်)ဦးတင်သည် (၂၁-၁-၂၀၀၅)ရက်နေ့တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ကြသဖြင့် ကျန်အမည်ပေါက် (၂)ဦးဖြစ်သူ ဒေါ်နွယ်နွယ်ရီ[၉/မရမ(နိုင်) ၀၅၆၄၈၇]၊ ဦးဇော်မင်း[၉/မရမ(နိုင်)၀၅၆၄၈၉]တို့မှ သားနှင့်သမီးတော်စပ်ကြောင်း၊ အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးမွေးစားထားခြင်းမရှိကြောင်း၊ မိမိတို့(၂)ဦးသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ ကျမ်းကျိန်ဆိုသည့် (၂၄-၃-၂၀၂၃) ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၂၀၄၄/၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အမည်ပေါက်စာချုပ်ဖြစ်သည့် အရောင်းအဝယ်စာချုပ်အမှတ်-၁၈/၂၀၀၆ (၅-၁-၂၀၀၆)၊ မိခင်ဖခင်တို့၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ကို တင်ပြ၍ ဒေါ်နွယ်နွယ်ရီနှင့် ဦးဇော်မင်းတို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) (ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်စွဲဖြင့် ကြေးမုံသတင်းစာကြော်ငြာတွင် တရားလွှတ်တော်ရှေ့နေ ဦးစိုးအောင် (စဉ်-၆၉၁၄)နှင့် အထက်တန်းရှေ့နေ ဒေါ်ခင်သန္တာဝင်း (စဉ်-၅၂၂၉၅)တို့က ဦးထွန်းလှဝင်းနှင့် ဦးသိန်းဌေးဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အမွေဆိုင်များသိစေရန် အကြောင်းကြားကြော်ငြာစာအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ နွယ်သာကီလမ်း၊ မြေကွက်အမှတ် (၃၉၇)၊ (၄၀x၆၀)ပေ ဂရန်မြေကွက်နှင့် မန္တလေးမြို့၊ ၂၉-လမ်း၊ (၈၃/၈၄)လမ်းကြား၊ ရှင်ဘို့မယ်ဝင်း၊ အမှတ် (၂၈၆/၆)၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကွယ်လွန်သူ ဖခင် ဦးတင်ဝင်းနှင့် မိခင် ဒေါ်ကြည်ကြည်တို့၏ ကျန်ရစ်ခဲ့သော အမွေဆိုင်ပစ္စည်းများကို အမွေခံသားများဖြစ်ကြသော ဦးထွန်းလှဝင်း၊ ဦးကြည်ဝင်း၊ ဦးသိန်းဌေးဝင်း၊ ဦးအောင်ဆန်းဝင်းတို့နှင့် ဖခင် ဦးတင်ဝင်း သက်ရှိထင်ရှားရှိစဉ် (၈-၄-၂၀၁၆)ရက်စွဲပါ အမွေခွဲဝေမှုစာချုပ်ဖြင့် မိသားစုစီမံသဘောတူညီချက်အရ ညီအစ်ကို (၄)ဦးတို့အား ညီတူညီမျှ ခွဲဝေပေးရန် ဖခင်ဦးတင်ဝင်း၏ ဆန္ဒကို အမွေခံသား (၄)ဦးတို့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော အထောက်အထားရှိသည်မှာ မှန်ပါသည်။

“မိဘများ ကွယ်လွန်ခဲ့ပြီးနောက် အမွေခံအချို့သည် မူလသဘောတူညီချက်ကို ဖောက်ဖျက်နေကြောင်း လေ့လာတွေ့ရှိရပါသည်”ဟု ကြော်ငြာစာပါ ဖော်ပြချက်ကို ဦးကြည်ဝင်းနှင့် ဦးအောင်ဆန်းဝင်းတို့က များစွာစိတ်မကောင်း ဖြစ်ကြရပါသည်။ ဦးကြည်ဝင်းနှင့် ဦးအောင်ဆန်းဝင်းတို့သည် မူလသဘောတူညီချက်ကို လုံးဝဖောက်ဖျက်ခြင်းမရှိကြပါ။ ဖခင်ဦးတင်ဝင်း သက်ရှိထင်ရှားရှိစဉ်ကပင် မန္တလေးမြေကွက်ရှိ နေအိမ်တွင် ဦးကြည်ဝင်းကလည်းကောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြေကွက်ရှိ နေအိမ်တွင် ဦးအောင်ဆန်းဝင်းကလည်းကောင်း နေထိုင်ခဲ့ပြီး ယခုတိုင် အသီးသီး ဆက်လက်နေထိုင်လျက်ရှိကြပါသည်။ ဦးအောင်ဆန်းဝင်း နေထိုင်သောနေအိမ်သည် ဟောင်းနွမ်းဆွေးမြေ့ပျက်စီးခြင်း၊ အိမ်တွင်းသို့ ရေများအမြဲဝင်နေပြီး နေထိုင်၍မရသဖြင့် ဦးအောင်ဆန်းဝင်း ပိုင်ငွေများဖြင့် လက်ရှိအိမ် ပြုပြင်ဆောက်လုပ်နေထိုင်ခဲ့ရပါသည်။ ဦးကြည်ဝင်းနှင့် ဦးအောင်ဆန်းဝင်းတို့သည် (၈-၄-၂၀၁၆)ရက်စွဲပါ စာချုပ်အရ ဖခင် ဦးတင်ဝင်း၏ ဆန္ဒအတိုင်း ခွဲဝေပေးရန် အသင့်ရှိနေကြပြီး မူလသဘောတူညီချက်ကို လုံးဝ ဖောက်ဖျက်ခြင်းမရှိကြပါသဖြင့် အမွေခံညီအစ်ကို (၄)ဦး မျက်နှာစုံညီ တွေ့ဆုံညှိနှိုင်းပြီး ဖခင်၏ဆန္ဒကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်အသင့်ရှိကြကြောင်း ထပ်မံအသိပေး ပြန်လည်ရှင်းလင်း အကြောင်းပြန်ကြား ကြေညာအပ်ပါသည်။

**ဦးကြည်ဝင်း [၁၂/စခန(နိုင်)၀၄၁၇၅၂] နှင့် ဦးအောင်ဆန်းဝင်း [၅/ရဥန(နိုင်)၀၀၀၆၄၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေမီသက် LL.B**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၈၄၇၆)**

**ဦးကျော်ဆန်းနိုင်**
**B.A (Law), LL.B, D.B.L, D.M.L, D.I.L, D.A.Psy, Dip in English, M.A (Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၉)**

**တိုက် (၉/၁၁)၊ အခန်းအမှတ်-၀၀၄၊ မြေညီ၊ ၃၆ (အောက်)လမ်း၊ ကျောက်တံတားမြို့နယ်။**
**၀၉-၅၁၆၃၅၄၂၊ ၀၉-၄၄၃၁၈၆၈၂၄၊ ၀၉-၇၉၃၉၈၅၅၅၆**

## ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၇)လမ်း၊ အမှတ် (၂၀၆)၊ အခန်းအမှတ်(၈)၊ ပထမထပ်၊ အကျယ်ပေ (၁၂ ၁/၂x၅၀)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်တားမြစ်သတိပေးကြေညာခြင်း

အဆိုပါတိုက်ခန်းသည် ဦးတင်အောင် [၁၂/ပဘတ(နိုင်)၀၁၂၃၆၇] ဝယ်ယူပိုင်ဆိုင်ခဲ့သော တိုက်ခန်းဖြစ်ပြီး ဦးတင်အောင်သည် ၁၅-၈-၂၀၂၁ ရက်နေ့က ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ ကွယ်လွန်သူ ဦးတင်အောင်တွင် တရားဝင် တစ်ဦးတည်းသောဇနီး ဒေါ်ဝင်းဝင်းကြည် [၈/မထန(နိုင်) ၀၁၀၄၆၁]နှင့် သမီး မစုမြတ်တင်အောင်၊ သား မောင်ကောင်းမြတ်တင်အောင်တို့ ကျန်ရှိပါသည်။

ဦးတင်အောင်နှင့် ဒေါ်ဝင်းဝင်းကြည်တို့ (၂)ဦးလုံးသည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများသာ ဖြစ်သဖြင့် ဦးတင်အောင်ကွယ်လွန်သောအခါ ကျန်ရှိသောအဆိုပါတိုက်ခန်းမှာ ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းကြည်နှင့် သားသမီးများကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်ဝင်းဝင်းကြည် မသိရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း၊ ဝင်ရောက် ကျူးကျော်နေထိုင်ခြင်းများ မပြုလုပ်ကြရန်နှင့် ယင်းသို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းကြည်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၆၈)**
**၃၈၊ ၃လွှာ၊ ရောဝတီလမ်း၊ အလုံမြို့နယ်။ Ph: 09-43095369**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ အမှတ် (၇၅၉)၊ ဒေါ်သန်းသန်းယု အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)အနက်မှ မခွဲမစိတ်ရသေးသော မြေကွက်အမှတ်- ၇၅၈ နှင့် ကပ်လျက်ဘက်၊ (ပါမစ်မူရင်းခြမ်း) မြေအကျယ် ပေ(၂၀x၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကြည်လွင် [၁၂/ဒဂမ(နိုင်) ၀၀၅၄၀၃]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ အဆိုပါစာချုပ်အဆင့်ဆင့်တို့သည် စစ်မှန်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးအေးမင်း+ဒေါ်မိုးမိုးတို့မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအေးမင်းနှင့်ဒေါ်မိုးမိုးတို့၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြဌေး (H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၅၄၀၇၂၂၉**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁) ရပ်ကွက်၊ မြကန်သာလမ်း၊ မြေကွက်အမှတ်(၂၂၁/က)၊ အလျား ၂၀'x အနံ ၆၀' ရှိ ဦးမောင်မောင်ချို [၁၂/လကန(နိုင်)၁၁၅၅၈၀၀] အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်နေနွယ်မြင့် [၁၂/ဗဟန(နိုင်)၀၂၄၁၄၀]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နွယ်နွယ်ဝင်း**
**[၈/မကန(နိုင်)၂၄၁၄၅၄]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုနွယ်ဦး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၁၀)**
**အမှတ်(၂/၁၉၄)၊ ၄လွှာ၊ ပတ္တမြားလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၀၆၆၀၅၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ဇီဇဝါလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-၃ (တတိယဆင့်)၊ အမှတ် (၇၂၇/ခ) ဟုခေါ်တွင်သော အလျား (၆၀)ပေx အနံ (၂၀)ပေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးဂျမ်းဒူး (Q/RGN-၀၀၃၅၉၈) အမည်ဖြင့် မှတ်သားထားရှိပါသည်။ ဦးဂျမ်းဒူးကွယ်လွန်သဖြင့် ၎င်း၏သားဖြစ်သူ ဦးပေါလူး (မှတ်ပုံတင်-ပြုလုပ်ဆဲ)မှ ၎င်းသာ တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုပြီး (၂၁-၇-၂၀၂၂) ရက်စွဲဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်လှိုင် [၁၂/ဒလန(နိုင်) ၀၅၉၈၃၁]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်လှိုင် [၁၂/ဒလန(နိုင်)၀၅၉၈၃၁]မှသာ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဌေး (LL.B)** — **အထက်တန်းရှေ့နေ (စဥ်-၃၂၈၄၇)**

**ဦးသန်းလှိုင် (LL.B)** — **အထက်တန်းရှေ့နေ(စဥ်-၂၁၀၉၄)**

**အမှတ်- ၆၈၄(ခ)၊ ဆရာစံလမ်း၊ စက်မြေရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း- ၀၉-၇၉၉၂၇၇၀၁၀၊ ၀၉-၈၉၀၁၈၁၆၆၇**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ မြေကွက်အမှတ်(၈၁၃)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးမောင်သန်း [၁၂/အစန(နိုင်)၀၇၆၆၁၃]အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမောင်မောင် [၁၂/ဥကတ(နိုင်)၀၆၉၉၂၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်မျိုးအောင်(စဥ်-၁၁၄၆၂)** **(LL.B,D.I.L)**

**ဒေါ်ခင်အေးသန်း(စဥ်-၉၁၁၉)** **(LL.B,D.B.L,D.I.L,WIPO switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးအောင်မင်းလမ်း၊ အမှတ် (၂၇)၊ (၂၅'x ၅၀')ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်နေသည့် (၂)ခန်းတွဲ (၅)ထပ်တိုက်မှ (၄)ထပ် (ခြေရင်းခန်း)အား ကန်ထရိုက်တာဖြစ်သူ ဦးနေမျိုးအောင် [၁၄/ဟသတ(နိုင်)၃၀၆၁၅၂] ကိုင်ဆောင်သူမှ မိမိရပိုင်ခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသော အထက်ပါတိုက်ခန်းအား ကြိုပွဲငွ့်စနစ်ဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းနိုင် (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဥ်-၇၂၂၃/၂၀၀၄)**

**ဦးစောကော်ထူးဝါး (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၀၈၄/၂၀၁၈)**

**တိုက်-၉/၁၁၊ အခန်း (၃၀၂/ဘီ)၊ တတိယထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၇၉၉၇၃၃၈၀၈၊ ၀၉-၂၆၃၉၉၇၄၉၉၊ ၀၉-၅၀၉၉၀၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်စိတ္တလမ်း၊ အမှတ် (၅/ခ)၊ မြေကွက်အမှတ်(၈၆၁/ခ)၊ အကျယ်အဝန်း(အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ ဒေါ်ခင်မျိုးအေး [၁၂/သဃက(နိုင်)၀၈၅၄၃၃] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး၊ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု ပြောဆိုသူဖြစ်သော ဒေါ်ဝါဝါထွန်း [၁၂/သဃက(နိုင်)၀၃၂၈၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်သွယ် [၁၂/သဃက(နိုင်)၁၇၀၁၇၂]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသင်းမြတ်ဆန်း တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၈၈၄)**

**အမှတ်(၁၆၄/ခ)၊ မြင်သာ(၄)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၄၅၀၀၂၇၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၃၅၃)၊ စေတနာ(၁)လမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဒေါ်တင်အောင် အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချောစုလှိုင်ကျော် [၁၂/သလန(နိုင်)၁၁၇၈၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မျိုးမမခင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၀၂၄)**

**အမှတ်(၄၄)၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**

**ဖုန်း- ၀၉-၇၃၀၄၃၄၉၀၊ ၀၉-၉၇၅၆၄၃၃၄၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ မဟော်သဓာ(၃)လမ်း၊ မြေကွက်အမှတ် (၁၆၁/ခ)၊ (ခြေရင်းခြမ်း)၊ မြေကွက်အမှတ်(၁၆၂)နှင့် ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း (၁၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်မီမီသိန်း (PTW - ၀၈၈၇၁၇)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်မြသီတာ [၁၂/ကတတ(နိုင်)၀၃၀၆၀၁]**သည် **"နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၄၀၆)**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃ ၊ ၀၉-၇၉၆၃၀၈၀၁၂**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၊ ရွှေဘုံသာရပ်ကွက်၊ စကာခလမ်းနေ ကျွန်ုပ်ဦးသိန်းဝင်းမှ အောက်ဖော်ပြပါ အမည်တံဆိပ် (၁)မျိုးမှာ

(၁)မေတ္တာဦး

ဤအမည်တံဆိပ်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဦးသိန်းဝင်းထံသို့ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ၊ Viber ဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်တကွ အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**စကာခလမ်း၊ ရွှေဘုံသာရပ်ကွက်၊ ဘုတ်ပြင်းမြို့၊**

**တနင်္သာရီတိုင်းဒေသကြီး။**

**ဖုန်း- ၀၉-၇၈၂၂၈၁၇၆၅၊ ၀၉-၂၅၄၆၉၉၆၀၀၊ ၀၉-၂၅၀၈၃၈၁၅၇။**

**Viber - ၀၉-၇၈၂၂၈၁၇၆၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ သမဝါယမကျောင်းလမ်း၊ အမှတ် (၄၉)ဟုခေါ်တွင်သော ကွင်း/ကွက်အမှတ် (၂၈၊ ညောင်သုံးပင်မြောက်)၊ ဦးပိုင်အမှတ် (၇/ခ-၂)၊ မြေကွက်အမှတ် (N-၄၉)၊ ဧရိယာ (၀.၀၇၉)ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီး၊ အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ထားသူ ဦးဝင်းမင်းသူ [၁၂/ကမတ(နိုင်)၀၆၁၈၃၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မေသဇင်ဝင်း [၁၂/သဃက(နိုင်)၁၃၆၄၃၂]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ရာ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ ထံသို့ ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်သန္တာဆွေ(L.L.M)** **(စဥ်-၁၀၄၀၇/၁၅)**

**ဒေါ်နော်ဆည်းဇာ(L.L.B)** **(စဥ်-၁၂၆၃၇/၁၇)**

**ဦးကျော်ဇေယျ(LL.B)** **(စဥ်-၁၃၁၈၁/၁၇)**

**ဒေါ်မြင့်မြင့်သန်း(L.L.M)** **(စဥ်-၁၃၂၄၀/၁၇)**

**ဒေါ်ဝေမာနွယ်(L.L.B)** **(စဥ်-၁၄၇၁၁/၁၈)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ် (၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**

**ဖုန်း- ၀၉-၄၂၂၂၈၁၁၁၈**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝါဝါသင်းနုပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ နှင်းဆီလမ်းရှိ အမှတ် (L-၃၁၉)ဟုခေါ်တွင်သော အလျား(၄၀)ပေ x အနံ(၆၀)ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် အမှတ် (L-၃၂၀)ဟုခေါ်တွင်သော အလျား(၄၀)ပေ x အနံ(၆၀)ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ တရားဝင်ပိုင်ဆိုင်ပါသည်။ အထက်ပါမြေကွက်များနှင့် ၎င်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များကို ကျွန်ုပ်ပိုင်ဆိုင်ကြောင်း (၁၁-၇-၂၀၂၃)ရက်နေ့တွင် ကျမ်းကျိန်ဆိုပြီးဖြစ်ပါသည်။ ထိုသို့ကျမ်းကျိန်ဆိုထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတင်းစာကြော်ငြာပါပြီးနောက်တွင် ကျွန်ုပ်၏မိတ်ဆွေမှ ဦးတင်ဇော် [၁၁/မတန(နိုင်)၀၁၂၁၁၇]အား ပစ္စည်းလက်ရောက်လွှဲအပ်ပြီး အပြီးအပိုင်ရောင်းချသွားမည်ဖြစ်ကြောင်းကိုလည်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာဝင်း(LL.B)**

**အထက်တန်းရှေ့နေ(စဥ်-၅၀၈၁၇/၂၆-၃-၂၀၁၉)**

**ဖုန်း-၀၉-၇၉၃၉၆၆၉၉၃၊ ၀၉-၄၅၀၀၈၉၆၀၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ ဘုရားကုန်းအဆင့်- ၁၊ မြေကွက်အမှတ် (၅၃၃) ဟုခေါ်တွင်သည့် (အလျား ၄၀ပေx အနံ ၆၀ပေ)အကျယ်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်စန်းတင့်၊ ဒေါ်ကျော့မေ အမည်ဖြင့် ချထားပေးသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ထွန်းအောင်ကွယ်လွန်ပြီးနောက် အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်ခဲ့ကြသည့် ဦးတင်ထွန်းအောင်၏ သားသမီးများဖြစ်ကြသော ၁။ ဒေါ်ကေသီအောင် [၁၂/တမန(နိုင်)၀၁၂၀၂၀]၊ ၂။ ဒေါ်မီမီအောင် [၁၂/တမန(နိုင်)၀၁၂၀၂၇]၊ ၃။ ဦးသန်းထွန်းအောင် [၁၂/တမန(နိုင်)၀၁၆၇၄၇]၊ ၄။ ဒေါ်နွယ်နွယ်အောင် [၁၂/တမန(နိုင်)၀၁၁၉၄၇]၊ ၅။ ဒေါ်မြတ်မြတ်အောင် [၁၂/တမန(နိုင်)၀၁၁၉၇၃]၊ ၆။ ဦးတင်ထွဋ်ကျော် [၁၄/ပသရ (နိုင်)၀၁၇၇၃၄]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ** — **(စဥ်-၈၉၄၉/၂၀၁၃)** — **၀၉-၄၂၁၀၅၃၁၁၀**

**ဒေါ်ခိုင်သူဇာဝင်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ** — **(စဥ်-၉၇၃၄/၂၀၁၄)** — **၀၉-၄၂၁၀၅၃၁၀၁**

**(ရုံးခန်း) သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**

**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ပြန်ကြားရေးဝန်ကြီးဌာန

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

## စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

MRTV 4CH Playout System (1-Lot)

(Completed System for 4 Main +4 Backup)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁၂-၇-၂၀၂၃)ရက် မှ (၃-၈-၂၀၂၃)ရက်အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် တင်ဒါဖောင်(၁)စောင်လျှင် ငွေကျပ် ၅၀,၀၀၀/- နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ လာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို သီးခြားစီခွဲ၍ (၄-၈-၂၀၂၃)ရက်၊ နံနက် ၉:၃၀ နာရီ မှ ညနေ ၁၆:၀၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)သို့ လာရောက်ပေးသွင်းကြပါရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့် ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြု ထားသည့် ဘဏ်တစ်ခုခုမှ PG(Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ**

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

**နေပြည်တော်(တပ်ကုန်း)**

**ဖုန်း- ၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၅၃ ရပ်ကွက်၊ (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိသည့် ပါမစ်အမည်ပေါက် ဦးထန်း (ISN ၃၆၉၃၈၁) ပိုင်ဆိုင်သော အမှတ် (၁၈၄၀)မြေကွက်နှင့် (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိသည့် ပါမစ်အမည်ပေါက် ဦးချစ်ထွေး(SDG ၁၆၉၅၂၅) ပိုင်ဆိုင်သော အမှတ်(၁၈၄၁)မြေကွက်တို့ကို အမည်ပေါက်ပိုင်ရှင်များထံမှ တစ်ဆင့် ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသော ယခုရောင်းချသူ ဦးရဲမင်းပိုင် [၇/ကပက(နိုင်)၁၀၅၄၃၆]မှ အရှုပ်အရှင်းကင်းမဲ့စွာဖြင့် တရားဝင်ပိုင်ဆိုင်ကြောင်း၊ တစ်ဆင့်ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာအောင် [၁၂/ရကန(နိုင်)၀၅၉၃၃၀]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပါမစ်မြေအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်အောင် ကန့်ကွက်မည့်သူမရှိပါက မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးအေးမိုး(LL.B) အထက်တန်းရှေ့နေ (စဥ်-၂၃၄၃၁)**

**အမှတ်- ၆၆၉၊ ဇေတရုံလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၀၁၇၂၉၀**

## ကြော်ငြာစာ

## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃)

## ကျောက်တံတားခရိုင်တရားရုံး

## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၄၉

**ကွယ်လွန်သူ ရှိတ်ဂိုလာမ်မိုဟာမက်ဒေါ်ဟဝါဘီ၊ မစ္စတာစီအေဆွန်ရ်နာ၊ ဂိုလာမ်ဟာဇရပ်၊ R.R.KHAN အာရ်အာရ်ခမ်း-ဟလီမာ(သား) မာဂျစ်ခမ်း၊ မိုဟာမက်အိုမာ(ခ)ဦးမောင်ပုတို့၏ ကျန်ရစ်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်ကိစ္စ**

**ဒေါ်သန်းသန်းအေး ———— လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ ဆူးလေဘုရားလမ်း၊ အမှတ် (၁၇၂/၁၇၄)နေ ကွယ်လွန်သူ ရှိတ်ဂိုလာမ်မိုဟာမက်ဒေါ်ဟဝါဘီ၊ မစ္စတာစီအေဆွန်ရ်နာ၊ ဂိုလာမ်ဟာဇရပ်၊ R.R.KHAN အာရ်အာရ်ခမ်း-ဟလီမာ(သား) မာဂျစ်ခမ်း၊ မိုဟာမက်အိုမာ(ခ)ဦးမောင်ပုတို့၏ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းစာလက်မှတ်ထုတ်ပေးပါမည့်အကြောင်း လျှောက်ထားသူ ဒေါ်သန်းသန်းအေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၈)ရက် (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်နေ့)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ရှိတ်ဂိုလာမ်မိုဟာမက်ဒေါ်ဟဝါဘီ၊ မစ္စတာစီအေဆွန်ရ်နာ၊ ဂိုလာမ်ဟာဇရပ်၊ R.R. KHAN အာရ်အာရ်ခမ်း-ဟလီမာ(သား) မာဂျစ်ခမ်း၊ မိုဟာမက်အိုမာ(ခ) ဦးမောင်ပုတို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်ဟု အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၈)ရက် (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်)နေ့ နံနက် (၁၀)နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းစာလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်သန်းသန်းအေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင်၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဲမိုမိုဆွေ)**

**ဒုတိယခရိုင်တရားသူကြီး(၄)**

**ကျောက်တံတားခရိုင်တရားရုံး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ခင်နှင်းပန်း(ခ)ဒေါ်လီလီ

### အသက် (၇၅) နှစ်

တောင်ငူမြို့နေ(ဦးလဘန်နေဘ်)-(ဒေါ်မရမ်တောင်)တို့၏ သမီး၊ ဦးအန့်ဇော်-ဒေါ်ကေသွယ်မျိုးတင့်၊ ဒေါ်နှင်းအေးတင့်၊ ဦးအောင်စည်သူမျိုးတင့်-ဒေါ်စိမ့်စိမ့်ဖြူတို့၏ မိခင်၊ မြေး(၅)ယောက်တို့၏ အဘွား၊ ဦးမျိုးတင့်၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်ခင်နှင်းပန်း(ခ)ဒေါ်လီလီသည် ၁၂-၇-၂၀၂၃ ရက်နေ့ ညနေ ၅:၂၀နာရီတွင် ရန်ကုန်မြို့၌ ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၃ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်သွားမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်နီနီညွန့်(ပေါင်းတည်အသင်း)

**မြို့နယ်သ/မဦးစီးအရာရှိ(ငြိမ်း)၊ သဃ်္ဃန်းကျွန်းမြို့နယ်**

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ်(၃၀)၊ အောင်ဇေယျ (၂)လမ်း(ယာ)နေ (ဦးလှထွန်း)၏ဇနီး၊ ဦးစိုးလွင်ထွန်း၊ (ဒေါ်အေးအေးထွန်း)၊ ဒေါ်ညိုညိုထွန်း၊ ဒေါ်မြတ်မြတ်ထွန်း၊ (ကိုထွန်းနိုင်ထွန်း)တို့၏ မွေးသမိခင်၊ မြေး ငါးယောက်တို့၏အဘွား၊ ဦးထူးလှအောင်-ဒေါ်စန္ဒာ၊ ဦးထွန်းလှအောင်-ဒေါ်ခင်သန့်ဇင်တို့၏ အစ်မသည် ၁၂-၇- ၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၃ (သောကြာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၂၃ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်သန်းသန်းစိုး (B.Ed)(1972-1977)

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာလမ်းသွယ်၊ အမှတ်(၂၇)နေ (ဦးယုဝမ်-ဒေါ်ခင်သန်းယု)တို့၏ သမီးကြီး၊ (ဦးဖိုးလှဝင်း-ဒေါ်သိန်းရင်)တို့၏ သမီးချွေးမ၊ ဦးအောင်မြတ်ကျော်၏ဇနီး၊ မကျော်သူဇာစိုး-ဦးသန်းထိုက်စိုး (THS ကုမ္ပဏီ)၊ မောင်ကျော်ဝေယံစိုး (Raffles)တို့၏ မိခင်ကြီး၊ ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်အေးအေးမြင့်(ခ) ဖြူဖြူ-ဦးခင်မောင်အေးတို့၏ အစ်မကြီး၊ ဒေါက်တာဇင်ဝေမော်(ခ) အေးမွန်ဖြူ၏ အဒေါ်သည် ၁၂-၇-၂၀၂၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၃ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ထူပါရုံ၊ လူနေ ရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် (၉၈၄/က) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၉.၆'x၆၀')ရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ (၇)လမ်းအနောက်၊ အမှတ် (၉၈၄/က) ဟုခေါ်တွင်သည့် (၁)ခန်းတည်း (၆ ထပ်)တိုက် အဆောက်အဦ၏ စတုတ္ထထပ် (၅ လွှာ)၊ အကျယ်အဝန်း (၁၇.၅'x၅၄')ရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကျော်လင်း [၁၂/ကတတ(နိုင်)၀၃၁၆၁၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုနန္ဒာထွန်း** | **ဒေါ်နမ့်ဖြူပြာမြင့်** |
| **အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၃၀)** |

**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၁၀၅၁၁၃**

---

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၃၊ တကောင်းလမ်း၊ မြေကွက်အမှတ် (၈၆၅) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေရှိဦးခင်မောင်ဆွေ (HGU-၁၃၀၄၇၆) အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်ဆောင် [၁/မကန(နိုင်)၁၂၅၆၀၇]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမွန် [၅/အတန(နိုင်)၀၇၀၉၃၄]၊ ဒေါ်သဲနုခိုင် [၅/အတန(နိုင်)၁၀၅၁၂၂] တို့က ဥပဒေနှင့်အညီ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်အပါအဝင် ပါမစ်မူရင်းနှင့်တကွ ဆက်စပ်စာရွက်စာတမ်းမူရင်းများကို လက်ရောက် လက်ခံလွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေများသာ ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်အေးအေးမွန်နှင့် ဒေါ်သဲနုခိုင်တို့၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ စီမံခန့်ခွဲမှုပြုလုပ်ခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်မေသူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၉၄/၃၀-၇-၂၀၁၉)**

**အမှတ်(၂)၊ ရန်ကုန်အင်းစိန်လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၅၃၆၆၃၈၆၊ ၀၉-၇၉၆၂၈၁၄၇၅**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

# ရဲမှူးကြီးထွန်းနိုင်(ငြိမ်း)

## (ရဲအမှတ်စဉ်-၁၆/၈၄)

## အသက်(၆၃)နှစ်

ရဲမှူးကြီးထွန်းနိုင်(ငြိမ်း)သည် ၁၀-၇-၂၀၂၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးဝင်း ရဲချုပ်(ငြိမ်း)နှင့် ဒေါ်ခင်ခင်အုန်းမိသားစု**

---

## ဦးတင်ရွှေ(ပါမောက္ခ-ငြိမ်း)

**RIT၊ ပညာရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊**
**စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊**
**နိုင်ငံခြားဘာသာသင်တက္ကသိုလ် (ရန်ကုန်)**

### အသက်(၈၃)နှစ်

ကျုံပျော်ခရိုင်၊ အထောင်မြို့နေ (ဦးသန်း-ဒေါ်နက်)တို့၏ သား၊ (ဦးစောမြိုင်-ဒေါ်ခင်သိန်း)တို့၏ သားသမက်၊ (ဦးတင်ငွေသန်း)-ဒေါ်ခင်မေလက်တို့၏ ညီ၊ (၃၁/၃၇)၊ (၅၄)လမ်း၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နှင့် (၁၂၈)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်နေ ဒေါ်ခင်မေသွက်၏ ခင်ပွန်း၊ ဒေါ်မေယုရွှေ၊ Dr. ဦးဇော်မိုးဝင်း-Dr.ဒေါ်ဖွန့်ပွင့်ရွှေ၊ ဒေါ်ဝတ်ရည်ရွှေ(ခ)ဒေါ်ဝင်းကြည်တင်တို့၏ ဖခင်၊ မကြည်စင်သန့်၊ မောင်စည်သူဝင်းပြည့်တို့၏အဘိုး ဦးတင်ရွှေသည် ၁၂-၇-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၂၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်၍ ၁၄-၇-၂၀၂၃ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

# ဒေါ်စီစီလှ

### အသက်(၅၈)နှစ်

အမှတ်(၁၁၄/၁၁၆)၊ (၄၆)လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ရန်ကုန်မြို့နေ (ဦးလှသိန်း-ဒေါ်ခင်အုန်းမြင့်)တို့၏ တတိယသမီး၊ ဦးကာဆင်ဒါဝတ်ဒူဗလီ၏ ချစ်လှစွာသောဇနီး၊ မမေသဲဖြူ၊ မောင်မင်းသိန်းတို့၏ ချစ်လှစွာသောမိခင် ဒေါ်စီစီလှ(ခ)ရှာဟေနတ်(စ်)ပရ်ဝီန်းသည် ၁၀-၇-၂၀၂၃ (တနင်္လာနေ့) ညနေ ၄:၃၀ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၁-၇-၂၀၂၃ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရေဝေးကဗရ်စသာန်စွန္နီဗလီ၌ ဂျနာဇာနာမာဇ်ဝတ်ပြု၍ ဒါဖနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၉၊ မြေကွက်အမှတ်- $\frac{၂+၃}{၁၅}$၊ ဧရိယာ (၀.၀၃၉)ဧက၊ မြေပြင်အကျယ် (၃၀x၅၈)ပေခန့် အကျယ်အဝန်းရှိမြေကွက် (လူနေရပ်ကွက်အခေါ်)၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြိုးစက်ရုံလမ်း (ဇေယျာသုခလမ်း)၊ သုဝဏ္ဏဗီလာအိမ်ရာ၊ p-15 ဟုခေါ်တွင်သော ဒေါ်ရင်ရွှေ၊ ဦးမောင်ခင်(ခ)မိုဟာမက်ခါလီးလီ၊ ဦးတင်အောင်(ခ) မိုဟာမက်ဂျလီးလီတို့ (၃)ဦး အမည်ပေါက်ပိုင်ဆိုင်သော မြေပိုင်မြေကွက်ကို မူလအမည်ပေါက် (၃)ဦး၏ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိဖြစ်လျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မြင့် [၆/ကသန(နိုင်)၀၀၄၀၀၃]၊ ဦးစိုးအောင် [၁၂/တမန(နိုင်)၀၅၁၈၀၈]နှင့် ဦးစုလှိုင် [၁၁/မအန(နိုင်)၀၄၂၁၂၇]တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နီလာအောင်(LL.B., LL.M)** | **ဦးညီနပ်( LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၂၅)** | **အထက်တန်းရှေ့နေ (စဉ်-၂၉၃၆၁)** |

**အမှတ်၄၈/၅၀(မြေညီ)၊ အခန်း(၁)၊ (၃၆)လမ်း(ရိပ်သာ)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၇၃၁၀၉၊ ၀၉-၄၂၀၁၂၂၁၈**

---

## သာသနာ့ဒါယိကာမကြီး

# ဒေါ်ခင်မြအုန်း

**သူနာပြုဆရာမကြီး(ငြိမ်း)**

### အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးသာခင်-ဒေါ်မြမြ)တို့၏ သမီး၊ (ဦးထွန်းညို)၏ ဇနီး၊ ဒေါ်တင်ညိုညိုစိမ့်၊ ဦးသန်းထွန်းအောင်-ဒေါ်တင်ညိုညိုလွင်၊ ဦးရဲထွန်းဦး-ဒေါ်မြင့်မြင့်သိန်းတို့၏ မိခင်ကြီး၊ မြေး သုံးယောက်တို့၏အဘွား ဒေါ်ခင်မြအုန်းသည် ၁၁-၇-၂၀၂၃ ရက် နံနက် ၇:၄၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါ၍ ၁၃-၇-၂၀၂၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ဆွေတင့်(ကုန်သွယ်ရေး-ငြိမ်း)

**ဂန့်ဂေါမြို့**

### အသက်(၇၆)နှစ်

ဂန့်ဂေါမြို့၊ မြို့မရပ်နေ (ဦးအောင်ငွေ-ဒေါ်ထွန်းကြည်)တို့၏ သမီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ (၁၂)လမ်း အလယ်၊ အမှတ်(၂၂၁/က)နေ ဦးသန်းငွေ (လဝက-ငြိမ်း)၏ ဇနီး၊ ဦးကျော်ဝင်းမြင့်-ဒေါ်ခင်သက်ဆွေ၊ (ဦးသန်းထူး-ဒေါ်လှကြိုင်) တို့၏အစ်မ၊ ဦးငွေမိုး-ဒေါ်နှင်းနှင်းသန်း(လဝက)၊ ဒေါ်ခိုင်ဆွေသန်း၊ ဦးကိုကိုကြီး - ဒေါ်ခင်သီတာငြိမ်းချမ်း(GHIH)၊ ဦးမြမင်း-ဒေါ်နီလာသန်း၊ (ဦးအောင်မျိုးသန်း)-ဒေါ်ဖြူဖြူဝင်းတို့၏မိခင်၊ မောင်သန်းထိုက်အောင်၊ မောင်ဆန်းမင်းသော်၊ မရွှေရတီ၊ မောင်သူစစ်အောင်တို့၏အဘွားသည် ၁၁-၇-၂၀၂၃ ရက် မွန်းလွဲ ၁:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား ညှိုးငယ်သောစိတ်နှလုံးဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်-၁၅၇၊ စိန်ရတနာဒွဲလမ်း၊ မြေကွက်အမှတ်(၁၈၆)၊ ရန်ကုန်တိုင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစိန်ဝင်း[၇/ဖမန(နိုင်)၀၈၆၁၉၈] အမည်ပေါက်ရောက်ထားပြီး မြေအမျိုးအစား- ပါမစ်မြေဟုခေါ်တွင်သည့် အကျယ်အဝန်း- အလျား(၄၀)ပေx အနံ(၆၀)ပေ မြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသော အကျယ်အဝန်း (အလျား-၁၀ပေxအနံ-၆၀ပေ)မြေကွက်နှင့် ယင်းမြေပေါ်ရှိ သီးပင်၊ စားပင် မြေပေါ် မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**သည် ယခုအပိုင်ရောင်းချသူ ဦးစိန်လှိုင်[၁၄/နေဖ(နိုင်)၁၄၃၁၈၃]မှ တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါမြေနှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သန်းအေး[၁၂/ဥကတ(နိုင်)၀၄၃၈၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်--၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အား မီနီကွန်ဒို၊ သုမဂ္ဂလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း - 09-260087755, 09-421123477**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ ကံ့ကော်ပန်းလမ်း၊ မြေကွက်အမှတ်(၇၈၂) ဟုခေါ်တွင်သော မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ထွေးကြည်အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ တရားဝင်မခွဲစိတ်ရသေးသည့် (မြေကွက်အမှတ်-၇၈၃ နှင့် ကပ်လျက်ဘက်အခြမ်း/ ပါမစ်မိတ္တူခြမ်း) မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို "နှစ်ဦးသဘောတူ အဆက်စပ်အရောင်းအဝယ်အရပ်ကတိစာချုပ်များ" ဖြင့် ရောင်းချသူ ဒေါ်အေးဝေဖြိုး [၁၂/ဒဂရ(နိုင်)၀၁၄၀၈၈]မှ တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ထွေးထွေးဝင်း [၁၂/တမန(နိုင်)၀၅၂၀၃၄]မှလည်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထွေးထွေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သူဇာအောင်** | **ဒေါ်ခင်ပြုံးလှိုင်** |
| **LL.B,D.B.L,D.I.L,WIPO(G.C.I.P Switzerland)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၁၈၇၉/၁၇)** | **(စဉ်-၄၉၂၉၉)** |

**ရုံး-တိုက်အမှတ်(၂၈၃/၆)၊ ကျောင်းလမ်း၊ သုဝဏ္ဏကျောင်းရှေ့၊ (၂၅)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၂၃၆၅၄၀၄၀၊ ၀၉-၇၇၃၁၃၁၄၈၄**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဂ)၊ မြေကွက်အမှတ် (၅၅/ခ)၊ (၁၂၀၀ စ/ပေ) မြေကွက်တည်နေရာအမှတ် (၅၅/ခ)၊ ဥက္ကာ (၃)လမ်း၊ (ဂ)ရပ်ကွက်၊ ဦးလှထွန်း (N/OKA-002102) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးလှထွန်း (ခင်ပွန်း)သည် (၅-၁၀-၂၀၁၃)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ်- ၂၃၃၂/၂၀၂၁/ ၃၀-၆-၂၀၂၁ ဖြင့် ပိုင်ဆိုင်လာသူ- ဒေါ်ပြုံး [၁၂/ဥကမ(နိုင်)၀၀၈၁၅၄]မှ ဂရန်ပျောက်ဆုံးကြောင်း ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်- ၆/၂၁၄၆/၂၀၂၁ (၂၄-၆-၂၀၂၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့ တင်ပြ၍ ဒေါ်ပြုံးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၃၃၆/၂၀၂၀/၉-၁-၂၀၂၀ ဖြင့် ရရှိသူ ဦးနန္ဒာဇော်မြင့် [၁၂/အစန(နိုင်)၀၅၅၀၄၃]မှ ဂရန်မိတ္တူ လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေသံလွင်အိမ်ရာ၊ တိုက်အမှတ်(A)၊ အခန်းအမှတ် (၁၀၀၁)အား အမည်ပေါက် - Dr.ထွန်းထွန်းဦး [၁၂/လမန(နိုင်)၀၆၄၃၆၅]နှင့် Dr. ခင်လေးစု [၁၂/ဒဂန(နိုင်)၀၁၇၂၇၈] တို့က တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်မူရင်းမှာ အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် (Owner Book) မိတ္တူမှန် ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၄၄၅)၊ မြေကွက်တည်နေရာအမှတ်(၄၄၅)၊ မြတ်သီရိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်မူ [၁၂/သဃက(နိုင်)၀၁၆၁၇၆] အမည်ပေါက်နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဒေါ်ခင်မူ [၁၂/သဃက(နိုင်)၀၁၆၁၇၆]၊ (YKN-၀၀၃၃၁၅) ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၉၇၅၈/၂၄-၁၁-၂၀၂၁ ဖြင့် ရသူ ဒေါ်လှလှသန်း [၁၂/ဥကမ(နိုင်)၀၁၄၆၅၃]မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ အထူးကိုယ်စားလှယ်လွှဲစာ၊ အထူးကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး၊ မြေကွက်ခွဲရန်မြေပုံနှင့် မြေတိုင်းမြေပုံ လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

# မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ မိမိတို့နိုင်ငံကို တည်ဆောက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ်တစ်ခုတည်းနှင့် မပြည့်စုံဘဲ တိုင်းရင်းသားအားလုံး ပေါင်းစည်းနေထိုင်ပြီး အခွင့်အရေး မျှဝေခံစားနိုင်သည့် ပြည်ထောင်စုစနစ် တည်ဆောက်သွားခြင်းသည် မိမိတို့နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်) ၂-၁၂-၂၀၂၂

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာတိုက်စစ်မှူးနှစ်ဦးကို ထိုင်းကလပ် အူထိုင်းထာနီအသင်း ခေါ်ယူ







ရန်ကုန် ဇူလိုင် ၁၂
၂၀၂၃-၂၀၂၄ ရာသီ ထိုင်းလိဂ်-၁ ပြိုင်ပွဲသို့ တန်းတက်ခွင့်ရထားသည့် အူထိုင်းထာနီအသင်းသည် မြန်မာ့လက်ရွေးစင် တိုက်စစ်မှူးနှစ်ဦးဖြစ်သည့် အောင်သူနှင့် အောင်ကောင်းမာန်တို့ကို ခေါ်ယူလိုက်ပြီဖြစ်သည်။

**အငှားပြောင်းရွှေ့ခဲ့**

အူထိုင်းထာနီအသင်းသည် တိုက်စစ်မှူး အောင်သူကို ခေါ်ယူပြီးနောက် အောင်ကောင်းမာန်ကို ထပ်မံခေါ်ယူခဲ့ကြောင်း ဇူလိုင် ၁၂ ရက်က တရားဝင်သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အောင်သူသည် ယခင်ကလပ် လမ်ဖွန်ဝါရီယာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အူထိုင်းထာနီအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ အောင်ကောင်းမာန်သည် ထိုင်းလိဂ်-၁ ကလပ်ဖြစ်သည့် ချောင်ဘူရီအသင်းသို့ ပြီးခဲ့သည့်ရာသီဝက်တွင် ပြောင်းရွှေ့ခဲ့ပြီး ဒုတိယအကျော့တွင် ထိုင်းလိဂ်-၂ ကလပ် ကာစတမ်ယူနိုက်တက်အသင်းတွင် အငှားပြောင်းရွှေ့ခဲ့သည်။ အငှားစာချုပ်ပြည့်သွားသည့် အောင်ကောင်းမာန်သည် ချောင်ဘူရီအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီး ရာသီကြိုခြေစမ်းပွဲများတွင် ပါဝင်ကစားခွင့်ရနေသော်လည်း အူထိုင်းထာနီအသင်းသို့ ရုတ်တရက် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍

## မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၂
နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နေသည့်နေရာများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆

ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှု အခြေပြဇယား


ငြိမ်းချမ်းအောင်(ခ)အားသစ် (ခေါင်းဆောင်)


ပပဝင်း (ငြိမ်းချမ်းအောင်(ခ) အားသစ်နှင့် တရားမဝင်ပေါင်းသင်းနေသူ)

## ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ ၂၀၂၃ (တက္ကသိုလ်အဆင့်) ကို အွန်လိုင်းမှ ကျင်းပသွားမည်

စာမျက်နှာ » ၁၂

## တရုတ်သမ္မတ ရှီကျင့်ဖျင် ရုရှားဖက်ဒရေးရှင်းကောင်စီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၁၃